မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏

ရှေးငယ်စဉ်အခါက ကုသိုလ်၌မွေ့လျော်ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမွေ့လျော်သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ သောကြာနေ့ အတွဲ(၆၆)၊ အမှတ်(၀၃၇)

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၈ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့် နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ) နှင့် နည်းဥပဒေ ၁၆(က) တို့အရ ၁၃၈၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်) တနင်္ဂနွေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ် ကြေညာလိုက်သည် -

ပြည်သူ့လွှတ်တော်မဲအများဆုံးရသူ
အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၃၄ နယ်

(၁) တွန်းဇံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၄) ဗန်းမော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၈) ဃင်းမောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၀) မြိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

စာမျက်နှာ ၇ ကော်လံ ၁ ❐

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

အသိပေးကြေညာချက်

နေ့စဉ် နိုင်ငံတော်အတွက် လိုအပ်သော ကုန်စည်များအတွက် အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီးတို့ကို FX Online Trading Platform တွင် AD လိုင်စင်ရ ဘဏ်များမှ တစ်ဆင့် သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးလျက်ရှိပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ် Website နှင့် နေ့စဉ်နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလမှ ယနေ့အထိ FX Online Trading Platform နှင့် AD လိုင်စင်ရ ဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ (၂,၂၂၁.၂) သန်း၊ တရုတ်ယွမ် (၁,၉၀၇.၁)သန်း၊ ထိုင်းဘတ်(၆,၇၁၂.၈) သန်း၊ အိန္ဒိယရူပီး(၇၄.၅) သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး

စာမျက်နှာ ၃ ကော်လံ ၅ ❐

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၅

ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွံ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို

စာမျက်နှာ ၃ ကော်လံ ၁ ❖



ယနေ့ မိုးလေဝသ

နေပြည်တော်

နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေး

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချန်းရွာမည်။

မိုး/၈လ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့်၊ ဖြောင့်မတ် တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်ကဏ္ဍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရန် ရည်ရွယ်၍ "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု"၊ "အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏

စာမျက်နှာ ၆ ကော်လံ ၅ ❍

ယနေ့ မာတိကာ

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ
လွှတ်တော်ရေးရာ စာ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာ၊ လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာ
ပြည်တွင်းသတင်း စာ ၆

တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှု နိုင်ငံဖွံ့ဖြိုးရေးအတွက် နိုင်ငံသားတိုင်း လက်ကိုင်ထားရမည့် စံတန်ဖိုးများ
ဆောင်းပါး စာ ၁၂

မင်းကင်းမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

မင်းကင်း နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့ မြို့မစည်ပင်သာယာဈေး (ယာယီ)၌ ယနေ့နံနက်ပိုင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒေါ်ရွှေဝင်းနှင့် ဝန်ထမ်းများက မြို့မစည်ပင်သာယာဈေး(ယာယီ)တွင် ဈေးရောင်းဈေးဝယ်များ၊ ပြည်သူများ၊ ကာယလုပ်သားများ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များ သိရှိပြီး ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန် အသိပညာပေး ပြောကြားခဲ့သည်။ ထို့နောက် အယ်လ်နီညိုဖြစ်စဉ်ကာလ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ကျင်ဝိုက်မန်(ပြန်/ဆက်)

ဟိုပုံးမြို့နယ်၌ လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းဆွေးနွေး

ဟိုပုံး နိုဝင်ဘာ ၅

ဟိုပုံးမြို့နယ်၌ လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ထူးမြတ်အိမ်ကိုယ်ပိုင်အထက် တန်းကျောင်း၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် တောင်ကြီး(ရုံးခွဲ)မှ တာဝန်ခံညွှန်ကြားရေးမှူး ဒေါ်နုနုခြောစိန်က စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ထူးမြတ်အိမ် ကိုယ်ပိုင်အထက် တန်းကျောင်းမှ ဆရာမ ဒေါ်ခွဲယဉ်အောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူလေးဦးက အခြေခံစဉ်းစားတွေးခေါ်ပါ။ ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှုကို ရှက်ရွံခြင်း၊ အဂတိလိုက်စားမှုကို ရှက်ရွံခြင်းနှင့် ဆန့်ကျင်ခြင်း၊ နိုင်ငံ့သားကောင်းပီသခြင်းနှင့် လူမှုပတ်ဝန်းကျင်ပေါ်မှာ တာဝန်ယူတတ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တောင်ကြီး(ရုံးခွဲ)မှ တာဝန်ရှိသူနှင့် ပါဝင်ဆွေးနွေးခဲ့သည့် ကျောင်းသား ကျောင်းသူများက ပြန်လည် ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၅-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၂၅.၃ ~ ၅၂၅.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၄၀၃,၀၅၆.၄၇	၅,၅၀၃,၆၃၇.၅၀	၇၂,၂၃၁,၁၀၁.၀၆	

၅ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂ၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၅၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၃၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၀၅	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (500 ppm)	၄၄၅၀	၄၇၀၅	၄၆၈၅	၄၄၇၀	၄၇၁၀	၄၇၂၀	၄၇၄၅	၄၆၆၀	-	၅၁၂၀	၄၆၈၅	၅၂၉၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (50 ppm)	၄၅၂၀	၅၆၈၅	၄၆၂၅	၄၅၃၅	၄၆၆၅	၄၆၉၅	၄၇၂၅	၄၆၈၅	၅၂၉၅	၆၀၀၅	၄၆၂၅	၄၈၂၀	၄၇၃၅	၄၆၈၅	၄၆၈၅	၄၉၃၅
HSD (10 ppm)	၄၄၂၀	၄၆၈၅	၄၆၂၅	၄၅၃၅	၄၆၈၅	၄၆၉၅	၄၇၂၅	၄၆၈၅		၆၀၀၅	၄၆၂၅	၄၈၂၀	၄၇၃၅	၄၆၈၅	၄၆၈၅	၄၉၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	-	ကျော်သူဝင်း၊ တင်မောင်လွင်
စာတည်းမှူး	-	ခင်ရတနာ			ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	-	ကျော်ဇေယျာဖြင့်၊ နေစာဇာထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုမိုအေးနှင့် ခွဲ.ဖွန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့	စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၄၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၀၊ ဦးမံ ၀၁-၅၄၄၃၃၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ ၀၆၇-၃၆၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၊ Fax ၀၁-၅၄၄၃၃၀၊

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

ကောက်ပဲသီးနှံများ ဓာတ်ကြွင်း ကင်းစင်ရေး တောင်သူတိုင်း GAP စနစ်ကျင့်သုံး စိုက်ပျိုး

ကောက်ပဲသီးနှံများတွင် ပိုးသတ်ဆေးနှင့် ဓာတုဓာတ်ကြွင်း ကင်းစင်ရေးသည် စားသုံးသူများ၏ ကျန်းမာရေး ဘေးကင်းလုံခြုံမှုအတွက်ရော လယ်ယာထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက်ပါ လွန်စွာ အရေးကြီးသည်။ စိုက်ပျိုးထွက်ကုန် သီးနှံများနှင့် ဟင်းသီးဟင်းရွက်များတွင် ကျန်ရှိနေတတ်သည့် ဓာတုဓာတ်ကြွင်းများထဲတွင် အဓိကအားဖြင့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများ ပါရှိနေသည်။

ကောက်ပဲသီးနှံများတွင် အများဆုံး တွေ့ရှိရပြီး အန္တရာယ်အရှိဆုံး ဓာတ်ကြွင်း အမျိုးအစားမှာ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးဓာတ်ကြွင်းများဖြစ်သည်။ ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းကြောင့် သီးနှံများတွင် ကျန်ရစ်သည့် ဓာတ်ကြွင်းများ၊ မြေဆီလွှာညစ်ညမ်းမှုကြောင့် သီးနှံများက စုပ်ယူမိသော ခဲ၊ အာဆင်းနစ်၊ ကဒ်မီယမ်၊ ပြဒါးကဲ့သို့ Heavy Metals များ၊ သီးနှံပင်များ ပန်း အပွင့်မြန်စေရန်၊ အသီးကြီးထွားစေရန်၊ အသီးမှည့်မြန်စေရန် အသုံးပြုသော ဓာတုဟော်မုန်းများနှင့် ဆေးဝါးဓာတ်ကြွင်းများလည်း ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ပါရှိနေတတ်သည်။

စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းဓာတ်ကြွင်းများ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာပါက ချက်ချင်းဖြစ်ပေါ်သည့် အန္တရာယ်မှာ အဆိပ်သင့်မှု ဖြစ်ပြီး ရေရှည်တွင် ရောဂါဝေဒနာများ စွဲကပ်နိုင်သည်။ Organophosphate နှင့် Carbamate အုပ်စုဝင် ပိုးသတ်ဆေးဓာတ်ကြွင်းများသည် ခေါင်းမူးခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ ကြွက်သားတုန့်ခြင်းနှင့် လေဖြတ်ခြင်းတို့ ဖြစ်စေနိုင်သည်။ ဆေးဓာတ်ကြွင်း အနည်းငယ်စီတို့နေ့စဉ်ရက်ဆက်စားမိပါက ခန္ဓာကိုယ်ထဲတွင်စုမိလာပြီး သွေးကင်ဆာ၊ အသည်းကင်ဆာ၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် ရင်ကျပ်ပန်းနာရောဂါများ ဖြစ်ပွားစေသည်။ ဓာတုဓာတ်ကြွင်းအချို့သည် ခန္ဓာကိုယ်တွင်ရှိ သဘာဝဟော်မုန်းများ၏ လုပ်ငန်းဆောင်တာကို တုပ/ပိတ်ဆို့ပြတတ်သဖြင့် မျိုးပွားစနစ်ကို ထိခိုက်စေခြင်း၊ ကလေးမရနိုင်ခြင်း (မြို့ခြင်း) နှင့် သန္ဓေသားကိုယ်အင်္ဂါ ချို့တဲ့ခြင်းတို့ ဖြစ်စေနိုင်သည်။ ခန္ဓာကိုယ်၏ ရောဂါဝိုင်းပွားများကို တိုက်ဖျက်နိုင်စွမ်း(Immune System)ကို ကျဆင်းစေသဖြင့် အခြားကူးစက်ရောဂါများ လွယ်ကူစွာဝင်ရောက်စေနိုင်သည်။

ပြည်ပသို့ တင်ပို့သည့် ပဲ၊ နှမ်း၊ ဆန်၊ အသီးအနှံများတွင် ဓာတ်ကြွင်းစံနှုန်းကျော်လွန်ပါက ကုန်ပစ္စည်းများ ဆိပ်ကမ်းတွင် အပယ်ခံရခြင်း၊ ဖျက်ဆီးခံရခြင်းတို့ ကြုံတွေ့နိုင်ပြီး ဓာတ်ကြွင်းများကြောင့် နာမည်ပျက်ပါက မိမိနိုင်ငံ ထွက်ကုန်များကို ဈေးနှိမ်ခြင်း သို့မဟုတ် ဝယ်ယူမှု လုံးဝရပ်ဆိုင်းခြင်းတို့ ခံရနိုင်သည်။ အီးယူ၊ ဂျပန်၊ ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ၎င်းတို့ထံ တင်ပို့လာသည့် လယ်ယာထွက်ကုန်များ၌ ပိုးသတ်ဆေးနှင့် ဓာတုဓာတ်ကြွင်း ကျန်ရှိမှုကို အခြေခံဆုံးဓာတ်ကြွင်းကန့်သတ်ချက် (Maximum Residue Limit – MRL) စံနှုန်းဖြင့် တင်းတင်းကျပ်ကျပ် ထိန်းချုပ်ကန့်သတ်ထားသည်။ အီးယူသည် ကမ္ဘာပေါ်တွင် ဓာတ်ကြွင်း စံနှုန်းအတင်းကျပ်ဆုံး ဈေးကွက်ဖြစ်ပြီး ခွင့်မပြုထားသော သို့မဟုတ် အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော ပိုးသတ်ဆေးများအတွက် ၎င်းတို့၏ စစ်ဆေးတွေ့ရှိနိုင်စွမ်း အနိမ့်ဆုံး ပမာဏ 0.01 mg/kg သို့မဟုတ် 0.01 ppm သာ ခွင့်ပြုသည်။ စစ်ဆေးစဉ် ဓာတ်ကြွင်းတွေ့ရှိပါက ကုန်ပစ္စည်းကို ဆိပ်ကမ်းတွင်ပင် အဝင်မခံဘဲ သိမ်းဆည်းဖျက်ဆီးခြင်း သို့မဟုတ်ပြန်လည်ပို့ဆောင်ခြင်း ပြုလုပ်ပြီး စောင့်ကြည့်စစ်ရင်းသွင်းသည်ဟု သိရသည်။ ဂျပန်သည် သီးနှံအမျိုးအစား၊ ဓာတုပစ္စည်းအမျိုးအစားအလိုက် တိကျသော MRL ကန့်သတ်ချက်များကို ပြဋ္ဌာန်းထားသည်။ မြန်မာ့လယ်ယာထွက်ကုန် အများဆုံးတင်ပို့ရာ တရုတ်နိုင်ငံသည်လည်း GB 2763 ဟု ခေါ်သောစံနှုန်းဖြင့် စိုက်ပျိုးရေးဓာတုဓာတ်ကြွင်း ကန့်သတ်ချက်ပေါင်းများစွာ တိုးမြှင့်သတ်မှတ်လာပြီး ပိုမိုတင်းကျပ်စွာ စစ်ဆေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ပစျေးကွက်သို့ တင်ပို့မည့် ပဲ၊ နှမ်း၊ ဆန်၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ဓာတ်ကြွင်းကြောင့် အပယ်ခံခရန် ဝယ်ယူမည့်နိုင်ငံ၏ MRL စံနှုန်းကို ကြိုတင်လေ့လာစုံစမ်းရန် လိုသည်။ သီးနှံများကို စိုက်ပျိုးသည့်အဆင့်ကတည်းပင် တောင်သူများအား GAP (Good Agricultural Practices) စနစ် သို့မဟုတ် စနစ်ကျသော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများအတိုင်း စနစ်တကျစိုက်ပျိုးရန် ကြီးကြပ်ရမည်ဖြစ်သည်။ ကုန်ပစ္စည်းများကို သဘော်တင်မပို့ဆောင်မီ ISO အသိအမှတ်ပြု လက်မှတ်ရ ဓာတ်ခွဲခန်းတစ်ခုခုတွင် ဓာတ်ကြွင်းပါ/မပါ ကြိုတင်စစ်ဆေးပြီး စိတ်ချရကြောင်း အထောက်အထားလက်မှတ်ရယူပြီးမှ တင်ပို့သင့်သည်။

GAP စနစ်သည် စားသုံးသူများအတွက် ဘေးကင်းလုံခြုံမှုကို အဓိကရည်ရွယ်ထားခြင်းဖြစ်ရာ ဓာတ်ကြွင်းကင်းစင်ရေးနှင့် တိုက်ရိုက်သက်ဆိုင်သည်။ GAP စနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် GAP တံဆိပ်ကပ်၍ ဈေးကွက်တွင် ဈေးကောင်းရရှိနိုင်ပြီး ပြည်ပစျေးကွက်များသို့ ယုံကြည်စိတ်ချစွာ တင်ပို့နိုင်သည့်အလျောက် ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ပျိုးသော တောင်သူတိုင်း စနစ်ကျသော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ကျင့်သုံးစိုက်ပျိုးကြရန် အကျိုးမျှော်၍ ရှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

လွတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ” လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြ





နေပြည်တော် နိုဝင်ဘာ ၅

လွတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တို့ပူးပေါင်း၍ လွတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ” အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။ (ယာပို)

အခမ်းအနားသို့ ပြည်ထောင်စု လွတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွတ်တော် ဒုတိယနာယက Jeng Phang နေ့တောင်၊ ပြည်သူ့လွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ပြည်သူ့လွတ်တော်နှင့် အမျိုးသားလွတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွတ်တော် နာယက ဦးအောင်လင်းဌေးက ယနေ့ကျင်းပသည့် အစီအစဉ်သည် လွတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းကာ နိုင်ငံတော်၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဆောင်ရွက်ချက်များကို လွတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၏ လက်ရှိအခြေအနေ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တိုက်ရိုက်ရှင်းလင်းတင်ပြပြီး အပြန်အလှန်မေးမြန်းဆွေးနွေးသွားမည် ဖြစ်သည့်အတွက် အကျိုးရှိသော အစီအစဉ်တစ်ရပ် ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝနှင့် ဓိုက်ဖျိုးရေး၊ စက်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် မရှိမဖြစ် အဓိကမောင်းနှင်အား ဖြစ်ပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာနှင့် ယုံကြည်စိတ်ချစွာ ရရှိရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဆက်စပ်လျက်ရှိပါကြောင်း။

ထို့ပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် ယနေ့ခေတ် ကမ္ဘာ့ရေးရာများတွင် အရေးပါသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ဦးမော့လာစေရန်အတွက်လည်း မရှိမဖြစ်သွင်းအားစုတစ်ခု ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို လိုအပ်ပါက လွတ်တော်လုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ဖိတ်ခေါ်လိုပါကြောင်း။

လွတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး၊ စောင့်ကြည့်ထိန်းကျောင်းရေးနှင့် ပြည်သူ့ကိုယ်စားပြုရေးတာဝန်များကို ထမ်းဆောင်ရာတွင် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးမှုအချက် အလက်မှန်များကို မိမိတို့ဒေသ လိုအပ်ချက်နှင့် ဆက်စပ်သုံးသပ်မှသာလက်တွေ့ကျသော အကြံပြုချက်များကို ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများအပြင် အခက်အခဲနှင့် ကန့်သတ်ချက်များကိုပါ ပွင့်လင်းစွာ ထည့်သွင်းရှင်းလင်းပေးရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့အစီအစဉ်အရ ရှင်းလင်းတင်ပြမှုအပြီးတွင် မေးမြန်းဆွေးနွေးသည့် အစီအစဉ်ပါရှိသဖြင့် ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့သိရှိလိုသည်များကို တိတိကျကျ မေးမြန်းဆွေးနွေးကြရန်နှင့် ဒေသတွင်း လက်တွေ့လိုအပ်ချက်များကို အကျိုးရှိရှိတင်ပြပေးကြစေလိုပါကြောင်း။

ယခုကဲ့သို့ အသိပညာဖလှယ်ပွဲ (Knowledge Sharing) အစီအစဉ်များမှ တစ်ဆင့်ရရှိသည့် ဗဟုသုတများကို မိမိတို့၏ လွတ်တော်လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချကာ ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က လျှပ်စစ်ကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် စွမ်းအင်ကဏ္ဍအခြေအနေ၊ လျှပ်စစ်စီမံကိန်းများစတင်ရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားကဏ္ဍအခြေအနေနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ Myanmar National Grid Code နှင့် Distribution Code များ ထွက်ပေါ်လာရေး ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား တိုးမြှင့် ထုတ်လုပ်နိုင်ရန်အတွက် အရေးပါသည့် စွမ်းအင်ကုန်သွယ်ရေး အခြေအနေနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် လွတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းမှုများ၊ အကြံပြုချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုမှ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗဟ္ဒလွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ် ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ **(အောက်ပို့)** ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်(လေ) ပြင်ပ ပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက် ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသ ထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ ပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယ ဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ အဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာ များကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူ များက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်း နှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့်လည်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၁,၇၀၃) သန်းခန့်အား ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တရားဝင်ငွေလဲလှယ်နှုန်းများကို ဗဟိုဘဏ် Website တွင် နေ့စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိသဖြင့် Money Changer များတွင်လည်းကောင်း၊ ဘဏ်နှင့် Customer များအကြားတွင် လည်းကောင်း ဝယ်ယူရောင်းချခြင်းများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ် ထုတ်ပြန်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်း များဖြင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြား ထားပြီးဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပေးထားသည့် တရားဝင် လိုင်စင်မရှိဘဲ နိုင်ငံခြားငွေကြေးများ ဝယ်ယူ ခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်းတို့ကို ဆောင် ရွက်ကြောင်း စစ်ဆေးတွေ့ရှိရပါက လည်း ကောင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်းမပြုပါကလည်းကောင်း နိုင်ငံခြား ငွေလဲလှယ်နှုန်းတည်ငြိမ်မှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ငွေရေး ကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နိုင်ငံခြားသုံး ငွေစီမံခန့်ခွဲမှုဥပဒေနှင့် တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းရန် သဘောတူအတည်ပြု



နေပြည်တော် နိုဝင်ဘာ ၅

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးနဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက Jeng Phang နေ့တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးနဝမနေ့သို့ တက်ရောက် ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၈ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက် က **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် (၄၃) ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း(၁)(၂)(၃) ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"** နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းရာတွင် လက်ရှိမြန်မာနိုင်ငံ၏အခြေအနေအရ မြန်မာနိုင်ငံသားပြည်သူများ၏ ငြိမ်းချမ်းသာယာရေးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ရယူရန် လိုအပ်သည့် ကိစ္စဖြစ်သည့် အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် (၄၃) ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)(၂)(၃) ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၆ အရ တင်သွင်းရခြင်းဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)၊ အပိုဒ် ၂၀ (c) အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ (၂) နှင့် (၃) ပါ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရေးဆိုင်ရာအချက်များကို လည်း ကောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသည့် ၂၀၂၆ ခုနှစ် ဧပြီလိုင် ၁ ရက်စွဲပါ သဝဏ်လွှာတွင်ဖော်ပြပါရှိသည့် EAOs များနှင့် ညှိနှိုင်းရရှိထားသည့် အချက် (၂၁)ချက် အပါအဝင် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် ညှိနှိုင်းရရှိထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်(၄၃)ချက်ကို လည်းကောင်း လေ့လာသုံးသပ်၍ ဥပဒေမူကြမ်းရေးဆွဲကာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်၏ မျက်မှောက်အခြေအနေနှင့် နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး မျှော်မှန်းတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကြီး၏ အဓိကတာဝန်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ်ငန်းများအတွက် လိုက်လျောညီထွေစွာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေမည့် အချက်အလက်များကို ပြင်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆိုင်ရာ အခန်း (၁၂)ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆ တို့၏ ပြဋ္ဌာန်းချက်များအရ ပြင်ဆင်သည့်အဆင့်မဟုတ်သေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေး လေ့လာသုံးသပ် အကောင်အထည်ဖော်နိုင်မည့် ယန္တရားတစ်ရပ် စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်နေသည့်အတွက် အဆိုကိုတင်သွင်းရခြင်း ဖြစ်ပါကြောင်း။

ပြည်သူလူထု၏ သဘောဆန္ဒများနှင့်အညီ ပေါ်ပေါက်ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များအပေါ် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး ၃ ရပ်တို့ကို ဟန်ချက်ညီပိုင်ခြားသုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ ကဏ္ဍအသီးသီးတို့တွင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်သည့်အချက်များကို ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ရန်အတွက် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် (၄၃) ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)(၂)(၃) ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"** အား တင်သွင်းအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုတွင် ထည့်သွင်းရှင်းလင်းခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရန် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက လည်းကောင်း၊ ပြည်သူ့ဒွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးချစ်ဆွေကလည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ၊ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ)ဦးတင်ဦး က အစီရင်ခံစာအပိုဒ် ၈ တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပေါ် ပြည်သူလူထုက ပိုမိုယုံကြည်အားထားလာစေရန်၊ ပြည်သူလူထုနှင့် လွယ်ကူစွာ ထိတွေ့ဆက်ဆံနိုင်စေရန် ရည်ရွယ်ချက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲ (၄) ခုကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်ကွေ့၊ ပုသိမ် စသည့် မြို့များတွင် ဖွင့်လှစ်ထားကြောင်း ဖော်ပြထားပါကြောင်း၊ ဖွဲ့စည်းပုံအရ ရည်ရွယ်ချက်များကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ သင့်တော်သည့် မြို့ကြီးများ၌လည်း ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း၊ အစီရင်ခံစာ အပိုဒ် ၁၁ အရ လူ့အခွင့်အရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ရန်ကုန်မြို့တွင် (၅)ကြိမ်၊ နေပြည်တော်တွင် (၁)ကြိမ်ဖြင့် ပညာပေးဟောပြောနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ နောင်နှစ်များတွင် အခြားသော မြို့ကြီးများတွင်ပါ စနစ်တကျဆွေးနွေးခြင်းဖြင့် ကော်မရှင်အပေါ် ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နိုင်မည်ဟု ထင်မြင်မိပါကြောင်း။

အစီရင်ခံစာ အပိုဒ်(၁၈)ပါ လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ သင်တန်းပို့ချပေးခြင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော် ဆေးတက္ကသိုလ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့မှူး စခန်းမှူးသင်တန်းများ၊ နေရာအများအပြားရှိ ဝန်ထမ်းများအား လူ့အခွင့်အရေး သင်တန်းများ ပို့ချနိုင်ခဲ့သည့်အတွက် ကောင်းမွန်ပြီးအကျိုးရှိသည်ဟု ထင်မြင်မိပါကြောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအပိုင်းတွင် ကော်မရှင်အစီရင်ခံစာအပိုဒ် (၄၅) အရ ၂၀၁၅ ခုနှစ်အတွင်း တိုင်းတန်းချက်ပေါင်း ၃,၄၅၇ စောင် ရရှိခဲ့သည့်အနက် အစီရင်ခံစာအပိုဒ် (၄၈/က) တွင် ကော်မရှင်လုပ်ပိုင်ခွင့်အတွင်း မကျရောက်သည့် တိုင်တန်းချက် ၁,၃၅၉ ခုကို မှတ်တမ်းအဖြစ်သာ ထားရှိခဲ့ရကြောင်း ဖော်ပြထားသော်လည်း အားလုံး မျှော်လင့်ချက်ဖြင့် တိုင်တန်းလာသူများ၏ အသိအမြင်နည်းပါးမှုကြောင့် ဖြစ်သည်ဟု ယူဆပါသဖြင့် ရှင်းလင်းဖော်ပြထားပြီး ဖြစ်သင့်သည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်က နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့နေသည့် အောက်ခြေအုပ်ချုပ်ရေး အဖွဲ့အစည်းများက အဓိကကျသဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ဥပဒေအတိုင်း အမြန်ဆုံးဆောင်ရွက်မှသာ အစိုးရအပေါ် လူထုယုံကြည်မှုပိုမိုရရှိနိုင်ပြီး ပြည်သူလူထုအများစု၏ ပြောင်းလဲလိုမှု ပကတိဆန္ဒအမှန်ဖြစ်သည့် အစိုးရရုံးဌာနဝန်ထမ်းအချို့တို့သည် လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် ကြန့်ကြာသည့် စနစ်ကို ကျင့်သုံးနေဆဲဖြစ်သည်ကို အမြန်ဆုံးပြုပြင် ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အဖြစ် ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်က ရန်ကုန်တိုင်းဒေသကြီးမှ တိုင်ကြားချက် ၁၈၉ မှု၊

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

၅၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၄၄ မှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၁ မှု ရှိပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ တိုင်ကြားချက် လက်ခံရရှိမှုကို စာရင်းတွင် ဖော်ပြထားခြင်းမရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ယင်းအခြေအနေသည် အဆိုပါဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုမရှိသည်ဟု အဓိပ္ပာယ်မကောက်ယူသင့်ပါကြောင်း၊ ပြည်သူများ အနေဖြင့် ကော်မရှင်ထံတိုင်ကြားနိုင်သည့် နည်းလမ်း၊ သတင်းအချက်အလက်ရရှိမှုနှင့် လက်လှမ်းမီမှု အားနည်းနေသည်ကို ကော်မရှင်အနေဖြင့် ပြန်လည် သုံးသပ်ရန် လိုအပ်ပါကြောင်း။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု ဆိုသည်မှာ ကော်မရှင်တစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပိုမိုထိရောက်ရန် အတွက် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပိုမိုကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း၊ လွတ်တော်အနေဖြင့်လည်း ကော်မရှင်၏ဥပဒေ၊ နည်းဥပဒေများတွင် လိုအပ်ချက်များရှိနေပါက ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) နေ့ယုဇနပါ က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူ (၄၈) ချက်တွင် ပုဒ်မ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၂၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀ မှာဖြင့် နိုင်ငံသားများ၏ မူလအခြေခံမူ လူ့အခွင့်အရေးကို အပြည့်အဝ ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ ပုဒ်မ ၄၄ အရ လူ့ဂုဏ်သိက္ခာဥပဒေးနှင့်မခိုးသေသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့် မရှိစေရ ဆိုသည့်အချက်သည် နိုင်ငံသားတိုင်းအပေါ် သက်ညှာပြီး လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို အခိုင်အမာ အာမခံပေးထားပါကြောင်း၊ သို့ပါ၍ တရားရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များတွင်လည်း အတိအကျ လိုက်နာကျင့်သုံးရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် အခန်း(၈)ခန်း ပါရှိပြီး အခန်း(၃) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှ အမှတ်စဉ် (၅၁) ဇယားပါ တိုင်တန်းချက်များ အမှုပေါင်း ၃၄၇ မှုကို ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအား soft file များ ဖြန့်ဝေပေးစေလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆယ်စုနှစ်များစွာ ဖြစ်ပွားနေဆဲဖြစ်သဖြင့် တရား ဥပဒေစိုးမိုးမှုမရှိသော နေရာများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အနည်းနှင့် အများရှိနိုင်ပါကြောင်း၊ ထိုသို့ဖြစ်ပွားရာဒေသများမှ နိုင်ငံသားများကို တရားဝင် ရွေးကောက်ပွဲမှ ပြည်သူ့မဲဖြင့် ပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်မှ အကာအကွယ်ပေးရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာတွင် ပဋိပက္ခဒေသအတွင်း နှစ်အလိုက် သေဆုံးမှုစာရင်း၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသွားသော လူဦးရေစာရင်း၊ မသန်စွမ်းဖြစ်သွားသည့် လူဦးရေ စာရင်း စသည့် အရေအတွက်ကိန်းဂဏန်းများကို မှတ်တမ်းတင် ထည့်သွင်းအစီရင်ခံရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အကျဉ်းသားများစာရင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သော စာရင်းများကိုလည်း ထည့်သွင်းအစီရင်ခံသင့်သည်ဟု တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက် က ကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုများကို ပိုမို ထိရောက်စေရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု ဖြင့်တင်ရန်၊ ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ပြန်လည်ကုစားပေးနိုင်ရေး အတွက် လက်တွေ့အကောင်အထည်ဖော်နိုင်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း၊ ယင်းအချက်သည် အစီရင်ခံစာ၏ လက်တွေ့ရလဒ်ကို တိုင်းတာနိုင်သည့် အရေးကြီးသောအချက်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၏ အောင်မြင်မှုကို ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအရေအတွက်ဖြင့် မတိုင်းတာဘဲ ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို မည်မျှအထိ ပြန်လည် ကုစားပေးနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများက မည်မျှ အထိ တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်း စသည့် လက်တွေ့ရလဒ်ဖြင့် တိုင်းတာသင့်ပါကြောင်း။

ကော်မရှင်၏ အစီရင်ခံစာများတွင် လုပ်ငန်း ဆောင်ရွက်မှု အရေအတွက်များကို ဖော်ပြရုံသာမက တိုင်ကြားချက်များ၏ ဖြေရှင်းပြီးစီးမှုအခြေအနေ၊ သက်ဆိုင်ရာဌာနများ၏ တုံ့ပြန်ဆောင်ရွက်မှုနှင့်ပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှုများကိုပါ ပိုမိုပြည့်စုံစွာ ဖော်ပြသင့်ပါကြောင်း၊ ကော်မရှင်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး အကြံပြုချက်ပေးပို့သည့် အဖွဲ့အစည်းအဆင့်တွင် သာ ရပ်တန့်မနေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ နစ်နာဆုံးရှုံး မှုများကို လက်တွေ့ပြန်လည်ကုစားပေးနိုင်သည့် ပိုမို အားကောင်းသောစနစ်တစ်ခု ဖြစ်လာစေရေးအတွက် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်က အစီရင်ခံစာ၏ စာမျက်နှာ ၃၂၊ အပိုဒ် ၃၇၊ ၃၈ တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် အကြောင်း အများပြည်သူများ အလွယ်တကူ သိရှိနိုင်စေရန် ကော်မရှင်အသိပညာပေးစာအုပ် ၇,၀၀၀ နှင့် လက်ကမ်းစာစောင် ၃,၃၀၀ တို့ကို ဖြန့်ချိခဲ့သည်ဟု ဖော်ပြထားချက်အရ မြန်မာနိုင်ငံရှိ လူဦးရေ နှင့် နှိုင်းယှဉ်ပါက အသိပညာပေးနိုင်မှု ထိရောက်မှု မရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံရှိ ပြည်သူအများစုက လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ပေးနေမှုများနှင့် ဆောင်ရွက် ပေးနိုင်မှုများကို သိရှိနိုင်မှုအားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေး ချိုးဖောက်သည့်ကိစ္စရပ်များကို မသိရှိသူများ များပြား လာသည့်အတွက် အကြမ်းဖက်မှု၊ အနိုင်ကျင့်မှု၊ စွန့်ပစ်မှု၊ ဂုဏ်သိက္ခာ ညှဉ်းနှိမ်အောင် ပြုမူဆောင်ရွက်မှုများ တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

စာမျက်နှာ ၃၂၊ အပိုဒ် ၄၀ တွင် ဘာသာရပ် ဆန်းစစ်ခြင်းနှင့် အသစ်ရေးဆွဲခြင်းတွင် အချက် ၁၈ ချက် ပါဝင်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင် ဥပဒေ၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများ အခွင့် အရေး၊ လူ့အခွင့်အရေး သဘောတရားနှင့် လူသား များ၏ တာဝန်ရှိမှု၊ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့် အရေးများ၊ လူငယ်များအတွက် လူ့အခွင့်အရေး အရေးပါပုံ စသည့်အချက်များကို ထည့်သွင်းရေးဆွဲ ထားသော်လည်း လက်တွေ့ အကောင်အထည်ဖော် နိုင်မှု အားနည်းနေသည်ကို သုံးသပ်တွေ့ရှိရပါ ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်မှု လုပ်ငန်းများ အောင်မြင်မှုသည် အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ အစည်းအဝေးများ ကျင်းပခြင်း၊ စစ်ဆေးမှုများ ပြုလုပ်နိုင်ခြင်းတို့ဖြင့် ချိုးဖောက်ခံရ သူများ၏ နစ်နာမှုများကို မည်မျှ ကုစားပေးနိုင်ခဲ့သည်၊ ချိုးဖောက်မှုများ မည်မျှလျော့ပါးသွားခဲ့သည်၊ ပြည်သူ တို့၏ ဂုဏ်သိက္ခာကာကွယ်ရေးကို မည်မျှထိထောက် စွာ ကာကွယ်ပေးနိုင်ခဲ့သည်ဆိုသည့် အကြံပြုချက် များကို လက်တွေ့ဆောင်ရွက်နိုင်သည့် စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့ကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) ဦးလွန်းမိုးနိုင်၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၊ ရန်ကုန် တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးဝဏ္ဏစိုး၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) မှ ဦးယုနိုင်၊ ကေ့ကရိတ် မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ မော်လမြိုင် မဲဆန္ဒ နယ်မှ ဒေါ်ဥမ္မာဌေး၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်နွဲ့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင် တို့က ဆက်လက်ဆွေးနွေးကြသည်။


ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြန်လည် ရှင်းလင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်တို့ကို ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင် ရွက်ရန် လျာထားပါကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းအဖွဲ့**

---

(၁၁)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၅



မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီ၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဖူဝန်ကေ့ကွဲ့ပို့ တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက်ဆုတ်ခဲ့ခွန်း၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟောနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လေဟွိုင်ချိုးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများနှင့် (၅) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြေးဝန်ကြီးများ၏ အစည်းအဝေး ကျင်းပရေးဆိုင်ရာ ကြိုတင် ပြင်ဆင်မှု အခြေအနေတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာလုပ်ငန်း အစီအစဉ်(၂၀၂၃-၂၀၂၇) ၏ ၂၀၂၅ ခုနှစ် အတွင်း အကောင်အထည်ဖော်မှု အစီရင်ခံစာနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၆) ဖြင့် အဖွဲ့ဝင်နိုင်ငံများသို့ ထောက်ပံ့ပေးအပ်သည့် စီမံကိန်း များစာရင်းတို့ကို အစည်းအဝေး၏ ရလဒ်အဖြစ် ပြန့်ဝေခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသည့်အခန်းကဏ္ဍနှင့် ဆယ်စုနှစ်တာကာလ အတွင်းရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း၊ အနာဂတ်တွင် စီးပွားရေး ပေါင်းစည်းညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းလုံခြုံရေး၊ စားရေရိက္ခာနှင့် စွမ်းအင်ဖူလုံရေး၊ ခေတ်မီစိုက်ပျိုးရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေး စသည့် နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် လိုအပ်သည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့် သီးခြားတွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့်ကဏ္ဍပေါင်းစုံတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်တွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် လူနေမှုဘဝများ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ဒေသခံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှု၏ အထူးရန်ပုံငွေ အစီအစဉ်အောက်တွင် မြန်မာနိုင်ငံအနေဖြင့် စီမံကိန်း ပေါင်း ၁၄၀ အတွက် ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း အမေရိကန် ဒေါ်လာသန်း ၄၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာ၊ လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းသမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ခန်းမတွင် နိုင်ငံရေးဌာန အကြီးအကဲက သမိုင်းကြောင်းဆိုင်ရာများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းသားများအား လေ့ကျင့်သင်ကြားရေးဆိုင်ရာများ၊ ပညာရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ၊ အာဆီယံနိုင်ငံအချို့နှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး မြန်မာ-လာအို နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ စစ်ဘက်ဆိုင်ရာ သင်တန်းကျောင်းများအကြား သင်ကြားရေးပညာရပ်များ၊ အတွေ့အကြုံများနှင့် နည်းပညာများ အပြန်အလှန် ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန် ဖလှယ်ရေး၊ အရာရှိများ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ မြှင့်တင်ရေး၊ သုတေသနနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တို့အပြင် နှစ်နိုင်ငံအကြား စစ်ဘက်ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနာဂတ်တွင် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပါအဝင် အခြားကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကာ အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းသမိုင်းပြတိုက်ရှိ တက္ကသိုလ်၏ သမိုင်းကြောင်း၊ တည်ထောင်ခဲ့သည့် နောက်ခံအကြောင်းအရာများနှင့် ဖွံ့ဖြိုးတိုးတက်လာမှု အဆင့်ဆင့်ကို မှတ်တမ်းတင် ပြသထားသည့် ဓာတ်ပုံများ၊ သမိုင်းဝင်မှတ်တမ်းများနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စာအုပ်စာတမ်းများ စုဆောင်းထိန်းသိမ်းထားရှိမှုနှင့် သင်ကြားသင်ယူရေး လုပ်ငန်းများတွင် အသုံးချဆောင်ရွက်နေမှုများကို လည်းကောင်း လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကာ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ Wattay အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာ့တပ်မတော်အထူးလေယာဉ်ဖြင့် လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာကြရာ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့် ဧနီး၊ လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားဆက်ဆံရေးဌာန အကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဆက်လက်၍ လွန်ပရာဘန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လွန်ပရာဘန် ပြည်နယ် စစ်ဌာနချုပ်မှူး Brigadier General Thongla Xayavongsack နှင့် ဧနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ ညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၅

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်း၊ အဖြတ်မီးအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြုစုပျိုးထောင်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Polytechnic University ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်များသည် နိုင်ငံ၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ မြှင့်တင်ရေးနှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဂျက်ရှ်ကြောင်း၊ နည်းပညာကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်နိုင်မှုနှင့် အရည်အသွေးမြင့် လူစွမ်းအား အရင်းအမြစ်များ မွေးထုတ် ပေးနိုင်ရေးအတွက် ကျောင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး ကျန်းမာကြံ့ခိုင်ကာ ပညာရေး၊ လူမှုရေးနှင့် စည်းကမ်းပိုင်း ဆိုင်ရာများတွင် ထူးချွန်ပြည့်ဝသည့် မျိုးဆက်သစ် လူငယ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်ရိုးညွှန်းတမ်းများကို လုပ်ငန်းခွင် လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ Outcome-Based Education (OBE) စနစ်ကို ထိရောက်စွာ အကောင်အထည် ဖော်ရေးနှင့် ခေတ်ကာလ၏ လိုအပ်ချက်များနှင့်အညီ တက္ကသိုလ်များတွင် Digital Transformation ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သင်ကြားသင်ယူမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ အားသာချက်များ၊ အားနည်းချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏။

○ ရှေ့ဖိုးမှ

အခန်းကဏ္ဍ” လူငယ်စကားပိုင်း ဆွေးနွေးပွဲများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်ဟိုပုံးမြို့ ထူးမြတ်အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်းတို့တွင် ကျောင်းသားလူငယ်များ ဦးဆောင်သည့် စကားပိုင်းကို ကျင်းပသည်။

အဆိုပါစကားပိုင်းများတွင် ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကိုအခြေပြုရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှု၏အဓိပ္ပာယ်၊ သဘောသဘာဝနှင့် ဆိုးကျိုးသက်ရောက်မှုများ စသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးခွဲ (တောင်ကြီး) နှင့် ကော်မရှင်ရုံးခွဲ (မော်လမြိုင်) တို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဧလ**

❐ ရွေးဖုံးမှ

(၁၁) ညောင်လေးပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၂) ပေါက်ခေါင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၃) ပန်းတောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၄) ချောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၅) မင်းဘူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၆) ပြင်ဦးလွင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၇) မိတ္ထီလာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၈) နွားထိုးကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၉) စဉ့်ကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၀) မိုးကုတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၁) ကျိုက်မရောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၂) မရမ်းကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၃) ရွှေပြည်သာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၄) လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၅) တာမွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၆) ကိုကိုးကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၇) လှိုင်သာယာ(အနောက်ပိုင်း)
မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၈) ကျောက်မဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၉) မိုင်းဖြတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၀) မိုင်းပန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၁) မအူပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၂) ဇမ္ဗူသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၃) ဒက္ခိဏသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၄) ဥတ္တရသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

အမျိုးသားလွှတ်တော်မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅ နယ်

(၁) ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)
(၂) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)
(၃) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)
(၄) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)
(၅) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၁၆ နယ်

(၁) တွန်းဇံမြို့နယ်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်မဲဆန္ဒနယ်
(၄) ဗန်းမော်မြို့နယ်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်မဲဆန္ဒနယ်
(၁၀) ရွှေဘိုမြို့နယ်မဲဆန္ဒနယ်
(၁၁) ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၂) သဲကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၃) နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ်
(၁၄) စဉ့်ကူးမြို့နယ်မဲဆန္ဒနယ်
(၁၅) မိုးကုတ်မြို့နယ်မဲဆန္ဒနယ်
(၁၆) ရေကြည်မြို့နယ်မဲဆန္ဒနယ်

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာလ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်မဲဆန္ဒနယ်များအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ရက်စွဲပါ ကြေညာချက်အမှတ် (၆၈ / ၂၀၂၆) ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းမဲဆန္ဒနယ်မြေ သတ်မှတ်ထုတ်ပြန်ချက်များနှင့် လွှတ်တော်အလိုက် မဲဆန္ဒနယ်များတွင် ကျင်းပမည့် နယ်မြေများစာရင်း အသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်	ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
	ချင်းပြည်နယ်	
၁	တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်အတွင်းရှိ ၁။ခေါဝုန်/လေးဆန်ရပ်ကွက် (တွန်းဇံမြို့)၊ ၂။ ခေါလိုင်/ဂိုးဇန်ရပ်ကွက်(တွန်းဇံမြို့)။
၂	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလိ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ ဗလိုင်ရပ်ကွက်(ဖလမ်းမြို့)၊ ၃။ဖာရံထောက်ရပ်ကွက်(ဖလမ်းမြို့)၊ ၄။ တလန်လိုရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက် (ဖလမ်းမြို့)၊ ၆။ လိုင်လွန်ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံဝီး ရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက် (ဖလမ်းမြို့)။
	စစ်ကိုင်းတိုင်းဒေသကြီး	
၄	ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်	ထီးချိုင့်မြို့နယ်အတွင်းရှိ ၁။ စံပြရပ်ကွက်၊ ၂။ အောင်ဓေယျာရပ်ကွက်၊ ၃။ ဝိသာခါရပ်ကွက်၊ ၄။ ဘုရင့်နောင်ရပ်ကွက်၊ ၅။ မြတောင်ကျေးရွာ အုပ်စု၊ ၆။ မောင်းကုန်းကျေးရွာအုပ်စု။
၅	ဗန်းမော်မြို့နယ် မဲဆန္ဒနယ်	ဗန်းမော်မြို့နယ်အတွင်းရှိ ၁။ မြနန္ဒာရပ်ကွက်၊ ၂။ မြို့မရပ်ကွက်၊ ၃။ လွှစင်ကုန်းရပ်ကွက်၊ ၄။ အောင်သာကုန်းရပ်ကွက်၊ ၅။ မြစ်သေးချင်းကျွဲကောကုန်းကျေးရွာအုပ်စု၊ ၆။ လယ်နက်ကြီးကျေးရွာအုပ်စု၊ ၇။စက်တောကျေးရွာအုပ်စု၊ ၈။ ကံရွာကျေးရွာအုပ်စု၊ ၉။ ပင်ဟင်းခါးကျေးရွာအုပ်စု၊ ၁၀။ လေးသီကျေးရွာအုပ်စု၊ ၁၁။ ပင်ပုံကျေးရွာအုပ်စု၊ ၁၂။ မိလောင်ပေပင်ကျေးရွာအုပ်စု၊ ၁၃။ မိလူကျေးရွာအုပ်စု၊ ၁၄။ မိစိကြီးကျေးရွာအုပ်စု၊ ၁၅။ နောင်ပတ်ကျေးရွာအုပ်စု၊ ၁၆။ နန့်မားကျေးရွာအုပ်စု၊ ၁၇။ မံအင်ကျေးရွာအုပ်စု၊ ၁၈။ နားနန့်ထွန်ကျေးရွာအုပ်စု။
၆	အင်းတော်မြို့နယ် မဲဆန္ဒနယ်	အင်းတော်မြို့နယ်အတွင်းရှိ ၁။အောင်မင်္ဂလာရပ်ကွက် (အင်းတော်မြို့)၊ ၂။ အောင်ချမ်းသာရပ်ကွက်(အင်းတော်မြို့)၊ ၃။ အောင်ဓေယျရပ်ကွက် (အင်းတော်မြို့)၊ ၄။ အောင်မေတ္တာရပ်ကွက်(အင်းတော်မြို့)၊ ၅။ နန့်ခင့်ကျေးရွာအုပ်စု၊ ၆။ လယ်ပြင်ကျေးရွာအုပ်စု။
၇	ကောလင်းမြို့နယ် မဲဆန္ဒနယ်	ကောလင်းမြို့နယ်အတွင်းရှိ ၁။ မြောက်အင်းရပ်ကွက်၊ ၂။ ကျော်ဇေယျာ(၁)ရပ်ကွက်၊ ၃။ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ၄။ မြို့မ မြို့ကုန်းရပ်ကွက်၊ ၅။ ပြင်ဦးလွင်ရပ်ကွက်၊ ၆။စက်ရုံလယ်ပြင် ရပ်ကွက်၊ ၇။ ကျော်ဇေယျာ(၂) ရပ်ကွက်၊ ၈။ မင်းတဲကြီးရပ်ကွက်။
၈	ပုလဲမြို့နယ် မဲဆန္ဒနယ်	ပုလဲမြို့နယ်အတွင်းရှိ ၁။ မြောက်ပိုင်းရပ်ကွက်၊ ၂။ တောင်ပိုင်းရပ်ကွက်။
၉	ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်	ယင်းမာပင်မြို့နယ်အတွင်းရှိ ၁။(က)ရပ်ကွက်၊ ၂။(ခ)ရပ်ကွက်၊ ၃။ (ဂ) ရပ်ကွက်၊ ၄။(ဃ)ရပ်ကွက်။
၁၀	တန့်ဆည်မြို့နယ် မဲဆန္ဒနယ်	တန့်ဆည်မြို့နယ်အတွင်းရှိ ၁။ ဗိုလ်မြရပ်ကွက်၊ ၂။ပေါ်ဦး ရပ်ကွက်၊ ၃။ မဟာမြိုင်ရပ်ကွက်၊ ၄။ မေတ္တာမြိုင်ရပ်ကွက်၊ ၅။ ဘေရင်းကျေးရွာ အုပ်စု၊ ၆။ မူးဝွကျေးရွာအုပ်စု၊ ၇။ ကျွန်းလယ်ကျေးရွာအုပ်စု၊ ၈။ တုတ္တလုပ်ကျေးရွာအုပ်စု။
	တနင်္သာရီတိုင်းဒေသကြီး	
၁၀	မြိတ်မြို့နယ် မဲဆန္ဒနယ်	မြိတ်မြို့နယ်တစ်ခုလုံး။

	ပဲခူးတိုင်းဒေသကြီး	
၁၁	ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်	ညောင်လေးပင်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်အမှတ်(၁)(ညောင်လေးပင်မြို့)၊ ၂။ မြို့မရပ်ကွက်အမှတ်(၂)(ညောင်လေးပင်မြို့)၊ ၃။ မြို့မရပ်ကွက် အမှတ်(၃)(ညောင်လေးပင်မြို့)၊ ၄။ မြို့မရပ်ကွက် အမှတ်(၄) (ညောင်လေးပင်မြို့)၊ ၅။ မြို့မရပ်ကွက်အမှတ်(၅) (ညောင်လေးပင်မြို့)၊ ၆။ မြို့မ(၁) ရပ်ကွက် (မဒေါက်မြို့)၊ ၇။ မြို့မ (၂) ရပ်ကွက် (မဒေါက်မြို့)၊ ၈။ မြို့မ (၁) ရပ်ကွက် (ပြွန်တန်ဆာမြို့)၊ ၉။ မြို့မ (၂) ရပ်ကွက် (ပြွန်တန်ဆာမြို့)၊ ၁၀။ မြို့မ(၃)ရပ်ကွက်(ပြွန်တန်ဆာမြို့)၊ ၁၁။ မြို့မ (၄)ရပ်ကွက် (ပြွန်တန်ဆာမြို့)၊ ၁၂။ မြို့မ(၁)ရပ်ကွက်(ဝိန်းဇလုပ်မြို့)၊ ၁၃။ မြို့မ(၂)ရပ်ကွက် (ဝိန်းဇလုပ်မြို့)၊ ၁၄။ အလယ်ကျေးရွာအုပ်စု၊ ၁၅။ ချောင်းကျိုးကျေးရွာအုပ်စု၊ ၁၆။ အေးကျေးရွာအုပ်စု၊ ၁၇။ ကျိုပင်ကျေးရွာအုပ်စု၊ ၁၈။ လှည်းဆိပ်ကျေးရွာအုပ်စု၊ ၁၉။ အင်းချောင်ကျေးရွာအုပ်စု၊ ၂၀။ အင်းဝိုင်းကျေးရွာအုပ်စု၊ ၂၁။ ကလိန်ခင်ကျေးရွာအုပ်စု၊ ၂၂။ ကံကလေးကျေးရွာအုပ်စု၊ ၂၃။ ကုန်းအင်းကျေးရွာအုပ်စု၊ ၂၄။ ချောင်းရင်းကျေးရွာအုပ်စု၊ ၂၅။ ချောင်းရင်းကျေးရွာအုပ်စု၊ ၂၆။ ကျဲဘန်းကျေးရွာအုပ်စု၊ ၂၇။ ကြဘိုကျေးရွာအုပ်စု၊ ၂၈။ ကြာအင်းကြီးကျေးရွာအုပ်စု၊ ၂၉။ မုက္ခမူကျေးရွာအုပ်စု၊ ၃၀။ ငှက်ပျောတောကျေးရွာအုပ်စု၊ ၃၁။ နဘဲပင်ကျေးရွာအုပ်စု၊ ၃၂။ ဖိုးတုပ္ပါကျေးရွာအုပ်စု၊ ၃၃။ စမ်းကလေး(အရှေ့)ကျေးရွာအုပ်စု၊ ၃၄။ စမ်းကြီးကျေးရွာအုပ်စု၊ ၃၅။ ရှမ်းကျေးရွာအုပ်စု၊ ၃၆။ ထောန်တက်ကျေးရွာအုပ်စု၊ ၃၇။ တော်ပသီကျေးရွာအုပ်စု၊ ၃၈။ တော်ပိတ်ကျေးရွာအုပ်စု၊ ၃၉။ ထိန်တပင်ကျေးရွာအုပ်စု၊ ၄၀။ သောင်ကြီးကျေးရွာအုပ်စု၊ ၄၁။ သံတံတားကျေးရွာအုပ်စု၊ ၄၂။ ဝါးပတောကျေးရွာအုပ်စု၊ ၄၃။ ဝါးရုံကုန်း ကျေးရွာအုပ်စု၊ ၄၄။ ဝင်္ကံဘော်ကျေးရွာအုပ်စု၊ ၄၅။ ဝဲဝန်းကျေးရွာအုပ်စု၊ ၄၆။ ရေဖြူကန်ကျေးရွာအုပ်စု၊ ၄၇။ ရေဆုံးကျေးရွာအုပ်စု၊ ၄၈။ ရေကျော် ကျေးရွာအုပ်စု၊ ၄၉။ ရေဖြေပေါသောင်ကျေးရွာအုပ်စု၊ ၅၀။ ဇီးကုန်းကြီးကျေးရွာအုပ်စု၊ ၅၁။ စည်ပင်ကျေးရွာအုပ်စု။
၁၂	ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ်	ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄) ရပ်ကွက်၊ ၅။ အမှတ်(၅) ရပ်ကွက်၊ ၆။ ရပ်သစ်ကျေးရွာအုပ်စု၊ ၇။ ဝက်တိုးကျေးရွာအုပ်စု၊ ၈။ သဖန်းချိုကျေးရွာအုပ်စု၊ ၉။ ဘန်ပြင်ကျေးရွာအုပ်စု၊ ၁၀။ ရွာထောင်ကျေးရွာအုပ်စု၊ ၁၁။ ကျွဲပေါင်ပင်ကျေးရွာအုပ်စု၊ ၁၂။ ချောင်းဓောက်ကျေးရွာအုပ်စု၊ ၁၃။ မြောက်လက်ကြီးကျေးရွာအုပ်စု၊ ၁၄။မမွေသော်ကျေးရွာအုပ်စု၊ ၁၅။ပိတောက်ကုန်းကျေးရွာအုပ်စု၊ ၁၆။ ဝါးရုံးပင်လယ်ကျေးရွာအုပ်စု၊ ၁၇။ ထန်းတပင်ကျေးရွာအုပ်စု၊ ၁၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၁၉။ မြို့တောင်ကျေးရွာအုပ်စု၊ ၂၀။ အရာတော်ကျေးရွာအုပ်စု၊ ၂၁။ ကင်မွန်းခြံကျေးရွာအုပ်စု၊ ၂၂။ ငါးခူအိုင်ကျေးရွာအုပ်စု၊ ၂၃။ ရွာရှည်ကျေးရွာအုပ်စု၊ ၂၄။ အင်ငါးခွကျေးရွာအုပ်စု၊ ၂၅။ အနောက်ကြို့ကုန်းကျေးရွာအုပ်စု၊ ၂၆။ ဗောဓိကုန်းကျေးရွာအုပ်စု၊ ၂၇။ မစိုးရိမ်ကျေးရွာအုပ်စု၊ ၂၈။ ငွေးပင်ခုံကျေးရွာအုပ်စု၊ ၂၉။ ဘန့်ဘွေးတောင်ကျေးရွာအုပ်စု။
၁၃	ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်	ပန်းတောင်းမြို့နယ်တစ်ခုလုံး။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

	မကွေး တိုင်းဒေသကြီး	
၁၄	ချောက်မြို့နယ် မဲဆန္ဒနယ်	ချောက်မြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက် (ချောက်မြို့)၊ ၂။ အမှတ် (၂) ရပ်ကွက် (ချောက်မြို့)၊ ၃။ အမှတ်(၃)ရပ်ကွက် (ချောက်မြို့)၊ ၄။ အမှတ် (၄) ရပ်ကွက်(ချောက်မြို့)၊ ၅။ အမှတ်(၅)ရပ်ကွက် (ချောက်မြို့)၊ ၆။ အမှတ် (၆) ရပ်ကွက် (ချောက်မြို့)၊ ၇။ အမှတ်(၇) ရပ်ကွက်(ချောက်မြို့)၊ ၈။ အမှတ် (၈) ရပ်ကွက် (ချောက်မြို့)၊ ၉။ အမှတ် (၉)ရပ်ကွက်(ချောက်မြို့)၊ ၁၀။ အမှတ် (၁၀) ရပ်ကွက် (ချောက်မြို့)၊ ၁၁။ အမှတ်(၁၁) ရပ်ကွက် (ချောက်မြို့)၊ ၁၂။ အမှတ်(၁၂) ရပ်ကွက် (ချောက်မြို့)၊ ၁၃။ အမှတ်(၁၃) ရပ်ကွက် (ချောက်မြို့)၊ ၁၄။ အမှတ်(၁၄)ရပ်ကွက် (ချောက်မြို့)၊ ၁၅။ အမှတ် (၁၅) ရပ်ကွက် (ချောက်မြို့)၊ ၁၆။ အမှတ်(၁)ရပ်ကွက် (စလေမြို့)၊ ၁၇။ အမှတ်(၂)ရပ်ကွက် (စလေမြို့)၊ ၁၈။ အမှတ်(၃) ရပ်ကွက် (စလေမြို့)၊ ၁၉။ အမှတ်(၄)ရပ်ကွက် (စလေမြို့)၊ ၂၀။အမှတ်(၅) ရပ်ကွက်(စလေမြို့)။
၁၅	မင်းဘူးမြို့နယ် မဲဆန္ဒနယ်	မင်းဘူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်(မင်းဘူးမြို့)၊ ၂။ အမှတ် (၂)ရပ်ကွက် (မင်းဘူးမြို့)၊ ၃။ အမှတ်(၃)ရပ်ကွက် (မင်းဘူးမြို့)၊ ၄။ အမှတ် (၄)ရပ်ကွက် (စကုမြို့)၊ ၅။ အမှတ် (၅) ရပ်ကွက် (စကုမြို့)၊ ၆။ အမှတ် (၂)ရပ်ကွက်(စကုမြို့)၊ ၇။ အမှတ် (၃) ရပ်ကွက် (စကုမြို့)၊ ၈။ လက်ခုတ်ပင်ကျေးရွာအုပ်စု၊ ၉။ ပင်လယ်သက် ကျေးရွာအုပ်စု၊ ၁၀။ ကံသာကျေးရွာအုပ်စု၊ ၁၁။ ဥယျာဉ်ဧင်ကျေးရွာအုပ်စု၊ ၁၂။ ရေပုတ် ကျေးရွာအုပ်စု၊ ၁၃။ ကုလားပါးကျေးရွာအုပ်စု၊ ၁၄။ ကံသစ်ကျေးရွာအုပ်စု၊ ၁၅။ ကံကုလားကျေးရွာအုပ်စု၊ ၁၆။ ကဒီးကျေးရွာအုပ်စု၊ ၁၇။ ပေါက်ဝကျေးရွာ အုပ်စု၊ ၁၈။ မန်းကြိုးကျေးရွာအုပ်စု၊ ၁၉။ ကျောက်စိမ်းကျေးရွာအုပ်စု၊ ၂၀။ ထနောင်းတောကျေးရွာအုပ်စု၊ ၂၁။ ကျောက်စစ်ပုံကျေးရွာအုပ်စု၊ ၂၂။ ကျောက်တန်းကျေးရွာအုပ်စု၊ ၂၃။ ကံရေကျေးရွာအုပ်စု၊ ၂၄။ ရွာသာ ကျေးရွာ အုပ်စု၊ ၂၅။ ကြာကံကျေးရွာအုပ်စု၊ ၂၆။ မယ်ဘေကုန်းကျေးရွာအုပ်စု၊ ၂၇။ အလံပါယ် ကျေးရွာအုပ်စု၊ ၂၈။ လက်ပတောကျေးရွာအုပ်စု၊ ၂၉။ နီဗွာန်ကျွန်းကျေးရွာအုပ်စု၊ ၃၀။ ထောက်ရှာပင်ကျေးရွာအုပ်စု၊ ၃၁။ ပုဒေါင်းကျေးရွာအုပ်စု၊ ၃၂။ မုန်ထောင် ကျေးရွာအုပ်စု၊ ၃၃။ ချောင်းဖြူကျေးရွာအုပ်စု၊ ၃၄။ သီးကုန်းကျေးရွာအုပ်စု၊ ၃၅။ ကျွန်းပြားကျေးရွာအုပ်စု ၃၆။ မင်းလှကျွန်းကျေးရွာအုပ်စု၊ ၃၇။ ရေတွင်းကုန်း ကျေးရွာအုပ်စု၊ ၃၈။ ပေါက်ပင်ထွင်းကျေးရွာအုပ်စု၊ ၃၉။ မကျီးသုံးပင်ကျေးရွာ အုပ်စု၊ ၄၀။ ရေပေါ်ကြီးကျေးရွာအုပ်စု၊ ၄၁။ ဆင်ခေါင်းကျေးရွာအုပ်စု၊ ၄၂။ မောင်းမကန်ကျေးရွာအုပ်စု၊ ၄၃။ ဇီးအိုင်းကျေးရွာအုပ်စု၊ ၄၄။ ကုန်းသာကျေးရွာ အုပ်စု၊ ၄၅။ တောင်မန်းစံပြရွာသစ်ကျေးရွာအုပ်စု၊ ၄၆။ ထိန်တောကျေးရွာအုပ်စု၊ ၄၇။ ပိုက်ပင်ကျေးရွာအုပ်စု၊ ၄၈။ ရေင်ကျေးရွာအုပ်စု၊ ၄၉။ ရွာပုလဲကုန်းတန်း ကျေးရွာအုပ်စု၊ ၅၀။ ကျီးပင်ကန်ကျေးရွာအုပ်စု၊ ၅၁။ ဖလံရုံကျေးရွာအုပ်စု၊ ၅၂။ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ၅၃။ ရွာသာယာကျေးရွာအုပ်စု၊ ၅၄။ သင်္ဘောကျွန်း ကျေးရွာအုပ်စု။
	မန္တလေး တိုင်းဒေသကြီး	
၁၆	ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်	ပြင်ဦးလွင်မြို့နယ်တစ်ခုလုံး။
၁၇	မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်	မိတ္ထီလာမြို့နယ်အတွင်းရှိ ၁။ အောင်ဆန်းရပ်ကွက်၊ ၂။ ပေါက်ချောင်းရပ်ကွက်၊ ၃။ နန်းတော်ကုန်းရပ်ကွက်၊ ၄။မြို့မ ရပ်ကွက်၊ ၅။ အရှေ့ပြင်ရပ်ကွက်၊ ၆။ ရတနာ မာန်အောင်ရပ်ကွက်၊ ၇။ သီရိမင်္ဂလာရပ်ကွက်၊ ၈။ ဝန်းဇင်းရပ်ကွက်၊ ၉။ ရန်မျိုးအောင် ရပ်ကွက်၊ ၁၀။ ကြည်တော်ကုန်းရပ်ကွက်၊ ၁၁။ အောင်ဇေယျာရပ်ကွက်၊ ၁၂။ ချည်စက်ရပ်ကွက်၊ ၁၃။ ပြည်သာယာရပ်ကွက် (တောင်)၊ ၁၄။ ပြည်သာယာ ရပ်ကွက်(မြောက်)၊ ၁၅။အရာတော်ကျေးရွာအုပ်စု၊ ၁၆။ ရေချိုကျေးရွာအုပ်စု၊ ၁၇။ လိန်တောကျေးရွာအုပ်စု၊ ၁၈။ ကျောက်ဖြူကုန်းကျေးရွာအုပ်စု၊ ၁၉။ ရွှေစစ်သည် ကျေးရွာအုပ်စု၊ ၂၀။ မွေကျေးရွာအုပ်စု၊ ၂၁။ ဆည်အောင်ကုန်းကျေးရွာအုပ်စု၊ ၂၂။ အိုင့်ကြီးလည်ကျေးရွာအုပ်စု၊ ၂၃။ တပျော် ကျေးရွာအုပ်စု၊ ၂၄။ ရေဝေကျေးရွာ အုပ်စု၊ ၂၅။ မုန်တိုင်ကျေးရွာအုပ်စု၊ ၂၆။ သရက်ပင်ကျေးရွာအုပ်စု၊ ၂၇။ မြောက်လည် ကျေးရွာအုပ်စု၊ ၂၈။ သီးကုန်းကျေးရွာအုပ်စု၊ ၂၉။ အလည်ကျေးရွာအုပ်စု၊ ၃၀။ဆပ်ပျာ ကျင်းကျေးရွာအုပ်စု၊ ၃၁။ ကန်နီကျေးရွာအုပ်စု၊ ၃၂။ ခင်တဲကျေးရွာအုပ်စု၊ ၃၃။ အင်း ကျေးရွာအုပ်စု၊ ၃၄။ ရွှေပဒိုင်ကျေးရွာအုပ်စု၊ ၃၅။ ကျွဲတာလင်းကျေးရွာအုပ်စု၊ ၃၆။ ဂဠုံ ကုန်းကျေးရွာအုပ်စု၊ ၃၇။မြင်းကန်ကျေးရွာအုပ်စု၊ ၃၈။ ဓောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ၃၉။ ထမုံကန်ကျေးရွာအုပ်စု၊ ၄၀။ တောမကျေးရွာအုပ်စု၊ ၄၁။ ကဖြူကျေးရွာအုပ်စု၊ ၄၂။ ညောင်ကိုင်းကျေးရွာအုပ်စု၊ ၄၃။ ရုန်းတောကြီးကျေးရွာအုပ်စု၊ ၄၄။ ညောင်ကန် ကျေးရွာအုပ်စု၊ ၄၅။ ကန်သာကျေးရွာအုပ်စု၊ ၄၆။ ဆည်ကုန်းကျေးရွာအုပ်စု၊ ၄၇။ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ၄၈။ ကန်တောင်းကျေးရွာအုပ်စု၊ ၄၉။ ညောင်ဓေါက် ကျေးရွာအုပ်စု၊ ၅၀။ မြာကျေးရွာအုပ်စု၊ ၅၁။ ခင်လူးကျေးရွာအုပ်စု၊ ၅၂။ ပျဉ်သာ ကျေးရွာအုပ်စု၊ ၅၃။ လှည်းပွဲကျေးရွာအုပ်စု၊ ၅၄။ မောက်လောက် ကျေးရွာအုပ်စု၊ ၅၅။ ကျောင်းကျေးရွာအုပ်စု၊ ၅၆။ ညောင်မြင့်ကျေးရွာအုပ်စု၊ ၅၇။ ကွက်ငယ် ကျေးရွာအုပ်စု၊ ၅၈။ လျှော်ဖြူကန် ကျေးရွာအုပ်စု၊ ၅၉။မကြီးစုကျေးရွာအုပ်စု၊ ၆၀။ ဝါးရုံကျေးရွာအုပ်စု၊ ၆၁။ ကန်ကြီးကျေးရွာအုပ်စု၊ ၆၂။ ရှမ်းတဲကျေးရွာအုပ်စု၊ ၆၃။ ရှမ်းမငယ်(ရှမ်းမငယ်)ကျေးရွာအုပ်စု။
၁၈	နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်	နွားထိုးကြီးမြို့နယ်အတွင်းရှိ ၁။အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂) ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄) ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ အမှတ်(၆)ရပ်ကွက်၊ ၇။ အမှတ်(၇)ရပ်ကွက်၊ ၈။ အမှတ်(၈)ရပ်ကွက်။
၁၉	စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်	စဉ့်ကူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂) ရပ်ကွက်၊ ၃။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄။ လက်ပန်လှကျေးရွာအုပ်စု၊ ၅။ ရှောက်ပင်ရိုး ကျေးရွာအုပ်စု၊ ၆။ ရွှေပြည်ကျေးရွာအုပ်စု။
၂၀	မိုးကုတ်မြို့နယ် မဲဆန္ဒနယ်	မိုးကုတ်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်၊ ၂။ ရှောလီပိုင်း ရပ်ကွက်၊ ၃။ မင်းတံတား ရပ်ကွက်၊ ၄။ လယ်ဦးရပ်ကွက်၊ ၅။ ရေပူရပ်ကွက်၊ ၆။ ပိန်းပြစ်ကျေးရွာအုပ်စု၊ ၇။ တောင်ဒွန်းကျေးရွာအုပ်စု၊ ၈။ သဒ္ဓတ်သျှိုကျေးရွာအုပ်စု၊ ၉။ ပြောင်းပြင် ကျေးရွာအုပ်စု၊ ၁၀။ ကျောက်ဆင်ကျေးရွာအုပ်စု၊ ၁၁။ ရွာသာယာကျေးရွာအုပ်စု၊ ၁၂။ ကျောက်ဝါကျေးရွာအုပ်စု၊ ၁၃။ လှရှောလယ်ဦး ကျေးရွာအုပ်စု၊ ၁၄။ ချောင်းကြီး ကျေးရွာအုပ်စု၊ ၁၅။ လှရှော ကျောက်ပုံကျေးရွာအုပ်စု၊ ၁၆။ ကြက်နှစ်ဖကျေးရွာ အုပ်စု၊ ၁၇။ ဘော့လုံးကြီးကျေးရွာအုပ်စု၊ ၁၈။ ကပိုင်ကျေးရွာအုပ်စု၊ ၁၉။ ကသဲ ကျေးရွာအုပ်စု၊ ၂၀။ ကျပ်ပြင်ကျေးရွာအုပ်စု၊ ၂၁။ အုန်းခန်းကျေးရွာအုပ်စု၊ ၂၂။ ရေအေး ကျေးရွာအုပ်စု၊ ၂၃။ ကင်းကျေးရွာအုပ်စု၊ ၂၄။ လောင်းစင်ကျေးရွာအုပ်စု၊ ၂၅။ ရွှေညောင်ပင် ကျေးရွာအုပ်စု၊ ၂၆။ ဗမ္မနဲကျေးရွာအုပ်စု၊ ၂၇။ ဖြူရောင်ကျေးရွာ အုပ်စု၊ ၂၈။ ကျောက်တလုံးကျေးရွာအုပ်စု၊ ၂၉။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၃၀။ညောင်ထောက်ကျေးရွာအုပ်စု၊ ၃၁။ ပင်သပြေကျေးရွာအုပ်စု၊ ၃၂။ လွယ်ငင်း ကျေးရွာအုပ်စု။
	မွန်ပြည်နယ်	
၂၁	ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်	ကျိုက်မရောမြို့နယ်အတွင်းရှိ ၁။ရှင်စောပုရပ်ကွက်၊ ၂။ ရန်မျိုးအောင်ရပ်ကွက်၊ ၃။ အထရံရပ်ကွက်၊ ၄။ အောင်သုခရပ်ကွက်၊ ၅။ ဘာဘူကုန်းကျေးရွာအုပ်စု၊ ၆။ ဘိန်းဗျောကျေးရွာအုပ်စု၊ ၇။ ဓမ္မသာကျေးရွာအုပ်စု၊ ၈။ ကဒါကျေးရွာအုပ်စု၊ ၉။ ကလိုင်းကနိုင်ကျေးရွာအုပ်စု၊ ၁၀။ ခနောင်ကျေးရွာအုပ်စု၊ ၁၁။ ကော့သပ် ကျေးရွာအုပ်စု၊ ၁၂။ ခရုံကျေးရွာအုပ်စု၊ ၁၃။ ကျိုက်ပရန်ကျေးရွာအုပ်စု၊ ၁၄။ ကျုံကွယ် ကျေးရွာအုပ်စု၊ ၁၅။ ကျုံစိန်ကျေးရွာအုပ်စု၊ ၁၆။ ကျုံပမ်းကျေးရွာအုပ်စု၊ ၁၇။ လမုခို ကျေးရွာအုပ်စု၊ ၁၈။ လက်ပန်ကျေးရွာအုပ်စု၊ ၁၉။ မိကသစ်ကျေးရွာအုပ်စု၊ ၂၀။ ပိန်းနဲကုန်းကျေးရွာအုပ်စု၊ ၂၁။ ဖနံကျေးရွာအုပ်စု၊ ၂၂။ တရနာကျေးရွာအုပ်စု၊ ၂၃။ သံကလောင်ကျေးရွာအုပ်စု၊ ၂၄။ ရေတွင်းကုန်းကျေးရွာအုပ်စု။
	ရန်ကုန် တိုင်းဒေသကြီး	
၂၂	မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်	မရမ်းကုန်းမြို့နယ်တစ်ခုလုံး။
၂၃	ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်	ရွှေပြည်သာမြို့နယ်တစ်ခုလုံး။
၂၄	လှည်းကူးမြို့နယ် မဲဆန္ဒနယ်	လှည်းကူးမြို့နယ်တစ်ခုလုံး။
၂၅	တာမွေမြို့နယ် မဲဆန္ဒနယ်	တာမွေမြို့နယ်တစ်ခုလုံး။
၂၆	ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ်	ကိုကိုးကျွန်းမြို့နယ်တစ်ခုလုံး။
၂၇	လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မဲဆန္ဒနယ်	လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တစ်ခုလုံး။
	ရှမ်းပြည်နယ်	
၂၈	ကျောက်မဲမြို့နယ် မဲဆန္ဒနယ်	ကျောက်မဲမြို့နယ်အတွင်းရှိ ၁။ အမှတ် (၁) ရပ်ကွက် (ကျောက်မဲမြို့)၊ ၂။ အမှတ် (၂)ရပ်ကွက်(ကျောက်မဲမြို့)၊ ၃။ အမှတ်(၃)ရပ်ကွက် (ကျောက်မဲမြို့)၊ ၄။ အမှတ်(၄) ရပ်ကွက် (ကျောက်မဲမြို့)၊ ၅။ အမှတ် (၅) ရပ်ကွက် (ကျောက်မဲမြို့)၊ ၆။ အမှတ် (၆)ရပ်ကွက်(ကျောက်မဲမြို့)၊ ၇။ အမှတ်(၇)ရပ်ကွက် (ကျောက်မဲမြို့)၊ ၈။ အမှတ် (၈)ရပ်ကွက် (ကျောက်မဲမြို့)၊ ၉။ အမှတ်(၉)ရပ်ကွက်(ကျောက်မဲမြို့)၊ ၁၀။ မန်ကျောင်း (ကျဲကုန်း) ကျေးရွာအုပ်စု၊ ၁၁။ ခိုမုန်းကျေးရွာအုပ်စု၊ ၁၂။ ကျောက်မဲ ကြီးကျေးရွာအုပ်စု၊ ၁၃။ မန်ကျောင်း(ကျောက်မဲကြီး)ကျေးရွာအုပ်စု၊ ၁၄။ ပိန္နဲကုန်း ကျေးရွာအုပ်စု။
၂၉	မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်	မိုင်းဖြတ်မြို့နယ်အတွင်းရှိ ၁။ ဝမ်မိုင်ရပ်ကွက်၊ ၂။ ဈေးတန်းရပ်ကွက်၊ ၃။ ဝမ်ဝေ ရပ်ကွက်၊ ၄။ မိုင်းဖြတ်ကျေးရွာအုပ်စု၊ ၅။ ဝမ်လုံးကျေးရွာအုပ်စု၊ ၆။ နမ့်ကုန်း ကျေးရွာအုပ်စု၊ ၇။ နမ့်လောက်ကျေးရွာအုပ်စု၊ ၈။ နမ့်နန်းကျေးရွာအုပ်စု၊ ၉။ မွန်ကာ ကျောင်းကျေးရွာအုပ်စု၊ ၁၀။ဆီးမွန်ကျေးရွာအုပ်စု၊ ၁၁။ ဝမ်ပုံကျေးရွာအုပ်စု၊ ၁၂။ အိုက်လုံကျေးရွာအုပ်စု၊ ၁၃။ ဆားလုကျေးရွာအုပ်စု၊ ၁၄။ အိုက်ငုကျေးရွာ အုပ်စု၊ ၁၅။ ဟွေရှိကျေးရွာအုပ်စု၊ ၁၆။ နမ့်လန်းကျေးရွာအုပ်စု၊ ၁၇။ တောဉာ နမ့်ခမ်း(အောက်)ကျေးရွာအုပ်စု၊ ၁၈။ နမ့်ယွန်းကျေးရွာအုပ်စု၊ ၁၉။ မိုင်းဟဲ ကျေးရွာအုပ်စု၊ ၂၀။ ကောင်းမှုကျေးရွာအုပ်စု၊ ၂၁။ လမ်းဆတ်ကျေးရွာအုပ်စု၊ ၂၂။ မိုင်းတင်း ကျေးရွာအုပ်စု၊ ၂၃။ နမ့်ဟက်ပုံကျေးရွာအုပ်စု၊ ၂၄။ နမ့်ပန် ကျေးရွာ အုပ်စု။
၃၀	မိုင်းပန်မြို့နယ် မဲဆန္ဒနယ်	မိုင်းပန်မြို့နယ်တစ်ခုလုံး။
	ရခိုင် တိုင်းဒေသကြီး	
၃၁	မအူပင်မြို့နယ် မဲဆန္ဒနယ်	မအူပင်မြို့နယ်တစ်ခုလုံး။
	ပြည်ထောင်စု နယ်မြေ	
၃၂	ဇမ္ဘူသီရိမြို့နယ် မဲဆန္ဒနယ်	ဇမ္ဘူသီရိမြို့နယ်တစ်ခုလုံး။
၃၃	ဒဂ္ဂိဏာသီရိမြို့နယ် မဲဆန္ဒနယ်	ဒဂ္ဂိဏာသီရိမြို့နယ်တစ်ခုလုံး။
၃၄	ဥတ္တရသီရိမြို့နယ် မဲဆန္ဒနယ်	ဥတ္တရသီရိမြို့နယ်တစ်ခုလုံး။

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်အမှတ်	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
၁	**ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံး ရသူအနိုင်ယူစနစ်)** မဲဆန္ဒနယ်အမှတ်(၅)	ဝိုင်းမော်မြို့နယ်အတွင်းရှိ ၁။ အမှတ် (၁)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၂။ အမှတ် (၂)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၃။ အမှတ် (၃)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၄။ အမှတ် (၄)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၅။ မဒိန်ကျေးရွာအုပ်စု၊ ၆။ မုတ်လွဲ ကျေးရွာအုပ်စု၊ ၈။ ခတ်ချိုကျေးရွာအုပ်စု၊ ၉။ မိုင်းနားကျေးရွာ အုပ်စု၊ ၁၀။ နောင်တာလောကျေးရွာအုပ်စု၊ ၁၁။ နောင်ဟီး ကျေးရွာအုပ်စု၊ ၁၂။ မခန္တီးကျေးရွာအုပ်စု၊ ၁၃။ ဝူယန်ကျေးရွာအုပ်စု၊ ၁၄။ နောင်ချိန်းကျေးရွာအုပ်စု၊ ၁၅။ စန်းကားကျေးရွာအုပ်စု။
၂	**ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံး ရသူအနိုင်ယူစနစ်)** မဲဆန္ဒနယ်အမှတ်(၃)	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ ဗလိုင်ရပ်ကွက် (ဖလမ်းမြို့)၊ ၃။ ဖာရ်ထောက်ရပ်ကွက် (ဖလမ်းမြို့)၊ ၄။ တလန်လိုရပ်ကွက် (ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက် (ဖလမ်းမြို့)၊ ၆။ လိုင်လွန်ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံဝီးရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
၃	**ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံး ရသူအနိုင်ယူစနစ်)** မဲဆန္ဒနယ်အမှတ်(၄)	ကဝမြို့နယ်တစ်ခုလုံး၊ ပဲခူးမြို့နယ်တစ်ခုလုံး၊ သနပ်ပင်မြို့နယ်တစ်ခုလုံးနှင့် ဝေါမြို့နယ်အတွင်းရှိ ၁။ ကန်တော်ရပ်ကွက်၊ ၂။ သစ်စက်ရပ်ကွက်၊ ၃။ ချမ်းမြသာစည်ရပ်ကွက်၊ ၄။ ဇေမြစ်သာယာရပ်ကွက်၊ ၅။ ဘိုးဘုံရပ်ကွက်၊ ၆။ ဝေါအရှေ့ဘက်ကမ်းရပ်ကွက်၊ ၇။ နောင်ပတ္တရာကျေးရွာအုပ်စု၊ ၈။ နောင်ဂျမ်းကျေးရွာအုပ်စု၊ ၉။ သဘောကန်ကျေးရွာအုပ်စု၊ ၁၀။ ဇကရာစ်ကျေးရွာအုပ်စု၊ ၁၁။ ကျိုက်လှကျေးရွာအုပ်စု၊ ၁၂။ ဝေါရှမ်းစုကျေးရွာအုပ်စု၊ ၁၃။ ကြာလဟာကျေးရွာအုပ်စု၊ ၁၄။ ကံမြင့်ကျေးရွာအုပ်စု၊ ၁၅။ ကျုံသင်းကျေးရွာအုပ်စု၊ ၁၆။ ကော့ဝင်းကျေးရွာအုပ်စု၊ ၁၇။ ညောင်ဝံသုံးခွကျေးရွာအုပ်စု၊ ၁၈။ မိုးနက်ကျေးရွာအုပ်စု၊ ၁၉။ ညောင်ကိုင်းကျေးရွာအုပ်စု၊ ၂၀။ ကဒွတ် ကျေးရွာအုပ်စု၊ ၂၁။ ကျုံရဲကျေးရွာအုပ်စု၊ ၂၂။ ဘိုကတော် ကျေးရွာအုပ်စု၊ ၂၃။ လက်ပံသုံးပင်ကျေးရွာအုပ်စု၊ ၂၄။ ကမာ ကဘန်ကျေးရွာအုပ်စု၊ ၂၅။ ဘုရားပျိုကျေးရွာအုပ်စု၊ ၂၆။ ထိန်ဝတပင်ကျေးရွာအုပ်စု၊ ၂၇။ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ၂၈။ ဝင်းကဒတ်ကျေးရွာအုပ်စု၊ ၂၉။ တောကြီးကျေးရွာအုပ်စု၊ ၃၀။ ရှမ်းကိုင်းကျေးရွာအုပ်စု၊ ၃၁။ အထက်ပန်းညိုကျေးရွာအုပ်စု၊ ၃၂။ သပြေကန် ကျေးရွာအုပ်စု၊ ၃၃။ သပြေကန်ကျေးရွာအုပ်စု၊ ၃၄။ ညောင်ခါးရှည်ကျေးရွာအုပ်စု၊ ၃၅။ မှဲ့ကတိုးကျေးရွာအုပ်စု၊ ၃၆။ ဆပ်သွားခြံကျေးရွာအုပ်စု၊ ၃၇။ အဗျားငှက်ချေးဝင်းကျေးရွာအုပ်စု၊ ၃၈။ အဗျားအလယ်စုကျေးရွာအုပ်စု၊ ၃၉။ အဗျားဗိုလ်တဲကျေးရွာအုပ်စု၊ ၄၀။ ဘိုးပြန်ကျေးရွာအုပ်စု၊ ၄၁။ ဘိုးစပါယ်ကျေးရွာအုပ်စု၊ ၄၂။ အဗျားထမင်းဆိုင်ကျေးရွာအုပ်စု၊ ၄၃။ စိုင်တီစုကျေးရွာအုပ်စု၊ ၄၄။ အင်းတိုင်စုကျေးရွာအုပ်စု၊ ၄၅။ ကမာတကေကျေးရွာအုပ်စု၊ ၄၆။ ခင်တန်းကြီး ကျေးရွာအုပ်စု၊ ၄၇။ ဘိုးဦးစိန်ကျေးရွာအုပ်စု၊ ၄၈။ လေးအိမ်စုကျေးရွာအုပ်စု၊ ၄၉။ သူဌေးကုန်းကျေးရွာအုပ်စု၊ ၅၀။ မြစ်ကျိုးကျေးရွာအုပ်စု၊ ၅၁။ ဝွဲ့ကြီး ကျေးရွာအုပ်စု၊ ၅၂။ အောက်ဝွဲ့ကြီးကျေးရွာအုပ်စု၊ ၅၃။ ဘိုးစိန္နာစုကျေးရွာအုပ်စု၊ ၅၄။ ပုဂံကျေးရွာအုပ်စု၊ ၅၅။ လက်ပန်ကျေးရွာအုပ်စု၊ ၅၆။ တနော်ကျွန်း ကျေးရွာအုပ်စု၊ ၅၇။ အုတ်ဖိုကျေးရွာအုပ်စု၊ ၅၈။ သူရဲသူမိန်ကျေးရွာအုပ်စု၊ ၅၉။ ဆင်ကျေးရွာအုပ်စု၊ ၆၀။ ဒလန္ဒမ်းကျေးရွာအုပ်စု၊ ၆၁။ ဝိုင်းပါတ်ကျေးရွာအုပ်စု၊ ၆၂။ အဘားကျေးရွာအုပ်စု၊ ၆၃။ ကရင်စုကျေးရွာအုပ်စု၊ ၆၄။ ကပင်ကျေးရွာအုပ်စု။
၄	**ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံး ရသူအနိုင်ယူစနစ်)** မဲဆန္ဒနယ်အမှတ်(၅)	ပန်းတောင်းမြို့နယ်တစ်ခုလုံး၊ ပြည်မြို့နယ်တစ်ခုလုံး၊ ရွှေတောင်မြို့နယ်တစ်ခုလုံးနှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၁။ အမှတ် (၁)ရပ်ကွက်၊ ၂။ အမှတ် (၂)ရပ်ကွက်၊ ၃။ အမှတ်(၃) ရပ်ကွက်၊ ၄။ အမှတ် (၄)ရပ်ကွက်၊ ၅။ အမှတ် (၅)ရပ်ကွက်၊ ၆။ ရပ်သစ်ကျေးရွာအုပ်စု၊ ၇။ ဝက်တိုးကျေးရွာအုပ်စု၊ ၈။ သဖန်းချိုကျေးရွာအုပ်စု၊ ၉။ ဘန့်ပြင်ကျေးရွာအုပ်စု၊ ၁၀။ ရွာထောင်ကျေးရွာအုပ်စု၊ ၁၁။ ကျွဲပေါင်ပင်ကျေးရွာအုပ်စု၊ ၁၂။ ချောင်းဇောက်ကျေးရွာအုပ်စု၊ ၁၃။ မြောက်လက်ကြီးကျေးရွာအုပ်စု၊ ၁၄။ မမွှေသော်ကျေးရွာအုပ်စု၊ ၁၅။ ပိတောက်ကုန်းကျေးရွာအုပ်စု၊ ၁၆။ ဝါးရုံးပင်လယ်ကျေးရွာအုပ်စု၊ ၁၇။ ထန်းတပင်ကျေးရွာအုပ်စု၊ ၁၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၁၉။ မြို့တောင်ကျေးရွာအုပ်စု၊ ၂၀။ အရာတော်ကျေးရွာအုပ်စု၊ ၂၁။ ကင်မွန်ခြံကျေးရွာအုပ်စု၊ ၂၂။ ငါးခူအိုင်ကျေးရွာအုပ်စု၊ ၂၃။ ရွာရှည်ကျေးရွာအုပ်စု၊ ၂၄။ အင်ငါးခွကျေးရွာအုပ်စု၊ ၂၅။ အနောက်ကြို့ကုန်းကျေးရွာအုပ်စု၊ ၂၆။ ဗောဓိကုန်းကျေးရွာအုပ်စု၊ ၂၇။ မစိုးရိမ်ကျေးရွာအုပ်စု၊ ၂၈။ ငွေးပင်ခုံကျေးရွာအုပ်စု၊ ၂၉။ ဘန့်ဘွေးတောင်ကျေးရွာအုပ်စု။
၅	**မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံး ရသူအနိုင်ယူစနစ်)** မဲဆန္ဒနယ်အမှတ်(၆)	ပြည်ထောင်စုနယ်မြေတစ်ခုလုံး။

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်	တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ကျင်းပမည့် နယ်မြေများစာရင်း
၁	**ချင်းပြည်နယ် လွှတ်တော် (မဲအများဆုံး ရသူအနိုင်ယူစနစ်)** တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်အတွင်းရှိ ၁။ ခေါ်ဂုန်/လေးဆန်ရပ်ကွက် (တွန်းဇံမြို့)၊ ၂။ ခေါ်လိုင်/ဝိုးဇန်ရပ်ကွက်(တွန်းဇံမြို့)။
၂	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက် (ဖလမ်းမြို့)၊ ၂။ ဗလိုင် ရပ်ကွက် (ဖလမ်းမြို့)၊ ၃။ ဖာရ်ထောက်ရပ်ကွက် (ဖလမ်းမြို့)၊ ၄။ တလန်လို ရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက် (ဖလမ်းမြို့)၊ ၆။ လိုင်လွန် ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံဝီးရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက် (ဖလမ်းမြို့)။
၃	**စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်(မဲအများဆုံး ရသူအနိုင်ယူစနစ်** ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်	ထီးချိုင့်မြို့နယ်အတွင်းရှိ၁။ စံပြရပ်ကွက်၊ ၂။ အောင်ဇေယျာရပ်ကွက်၊ ၃။ ဝိဿာခါရပ်ကွက်၊ ၄။ ဘုရင့်နောင်ရပ်ကွက်၊ ၅။ မြတောင်ကျေးရွာအုပ်စု၊ ၆။ မောင်းကုန်းကျေးရွာအုပ်စု။
၄	ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်	ဗန်းမောက်မြို့နယ်အတွင်းရှိ ၁။ မြန်နွာရပ်ကွက်၊ ၂။ မြို့မရပ်ကွက်၊ ၃။ လွှစင်ကုန်းရပ်ကွက်၊ ၄။ အောင်သာကုန်းရပ်ကွက်၊ ၅။ မြစ်သေးချင်းကျွဲကောကုန်းကျေးရွာအုပ်စု၊ ၆။ လယ်နက်ကြီးကျေးရွာအုပ်စု၊ ၇။ စက်တောကျေးရွာအုပ်စု၊ ၈။ ကံရွာကျေးရွာအုပ်စု၊ ၉။ ပင်ဟင်းခါးကျေးရွာအုပ်စု၊ ၁၀။ လေးသီကျေးရွာအုပ်စု၊ ၁၁။ ပင်ပုံကျေးရွာအုပ်စု၊ ၁၂။ မံလောင်ပေပင်ကျေးရွာအုပ်စု၊ ၁၃။ မံလူကျေးရွာအုပ်စု၊ ၁၄။ မံစိကြီးကျေးရွာအုပ်စု၊ ၁၅။ နောင်ပတ်ကျေးရွာအုပ်စု၊ ၁၆။ နန့်မားကျေးရွာအုပ်စု၊ ၁၇။ မံအင်ကျေးရွာအုပ်စု၊ ၁၈။ နဉးနန့်ထွန်ကျေးရွာအုပ်စု။
၅	အင်းတော်မြို့နယ် မဲဆန္ဒနယ်	အင်းတော်မြို့နယ်အတွင်းရှိ ၁။ အောင်မင်္ဂလာရပ်ကွက်(အင်းတော်မြို့)၊ ၂။ အောင်ချမ်းသာရပ်ကွက်(အင်းတော်မြို့)၊ ၃။အောင်ဇေယျရပ်ကွက် (အင်းတော်မြို့)၊ ၄။ အောင်မေတ္တာရပ်ကွက် (အင်းတော်မြို့)၊ ၅။ နန့်ခင့်ကျေးရွာအုပ်စု၊ ၆။ လယ်ပြင်ကျေးရွာအုပ်စု။
၆	ကောလင်းမြို့နယ် မဲဆန္ဒနယ်	ကောလင်းမြို့နယ်အတွင်းရှိ ၁။ မြောက်အင်းရပ်ကွက်၊ ၂။ ကျော်ဇေယျာ(၁)ရပ်ကွက်၊ ၃။ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ၄။ မြို့မမြို့ကုန်းရပ်ကွက်၊ ၅။ ပြင်ဦးလွင်ရပ်ကွက်၊ ၆။ စက်ရုံလယ်ပြင်ရပ်ကွက်၊ ၇။ကျော်ဇေယျာ(၂)ရပ်ကွက်၊ ၈။ မင်းတဲကြီးရပ်ကွက်။
၇	ပုလဲမြို့နယ်မဲဆန္ဒနယ်	ပုလဲမြို့နယ်အတွင်းရှိ ၁။ မြောက်ပိုင်းရပ်ကွက်၊ ၂။ တောင်ပိုင်းရပ်ကွက်။
၈	ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်	ယင်းမာပင်မြို့နယ်အတွင်းရှိ ၁။ (က)ရပ်ကွက်၊ ၂။ (ခ) ရပ်ကွက်၊ ၃။ (ဂ) ရပ်ကွက်၊ ၄။ (ဃ)ရပ်ကွက်။
၉	တန့်ဆည်မြို့နယ် မဲဆန္ဒနယ်	တန့်ဆည်မြို့နယ်အတွင်းရှိ၁။ဗိုလ်မရပ်ကွက်၊ ၂။ ပေါ်ဦးရပ်ကွက်၊ ၃။ မဟာမြိုင်ရပ်ကွက်၊ ၄။ မေတ္တာမြိုင်ရပ်ကွက်၊ ၅။ ဘောရင်းကျေးရွာအုပ်စု၊ ၆။ မူးဂွကျေးရွာအုပ်စု၊ ၇။ ကျွန်းလယ် ကျေးရွာအုပ်စု၊ ၈။ တုတ္တာလုပ်ကျေးရွာအုပ်စု။
၁၀	ရွှေဘိုမြို့နယ် မဲဆန္ဒနယ်	ရွှေဘိုမြို့နယ်အတွင်းရှိ ၁။ အမှတ်(၂)ရပ်ကွက်(ရွှေဘိုမြို့)၊ ၂။ အမှတ်(၃)ရပ်ကွက် (ရွှေဘိုမြို့)၊ ၃။ အမှတ်(၁၀)ရပ်ကွက် (ရွှေဘိုမြို့)၊ ၄။ မင်းကျောင်းကျေးရွာအုပ်စု၊ ၅။ နမောကျေးရွာအုပ်စု။
၁၁	ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်	ဇီးကုန်းမြို့နယ်တစ်ခုလုံး။
၁၂	သဲကုန်းမြို့နယ် မဲဆန္ဒနယ်	သဲကုန်းမြို့နယ်အတွင်းရှိ ၁။မြို့မရပ်ကွက် (သဲကုန်းမြို့)၊ ၂။ကန်တော်မင်္ဂလာရပ်ကွက်(သဲကုန်းမြို့)၊ ၃။ ထန်းရင်းရပ်ကွက် (သဲကုန်းမြို့)၊ ၄။ပေါက်တောရပ်ကွက်(သဲကုန်းမြို့)၊ ၅။ ချမ်းမြေသာယာရပ်ကွက်(ပုတီးကုန်းမြို့)၊ ၆။ သုခဝေဖြာရပ်ကွက် (ပုတီးကုန်းမြို့)၊ ၇။ သီရိရတနာရပ်ကွက်(အင်းမမြို့)၊ ၈။ သီရိဝေဖြာရပ်ကွက်(အင်းမမြို့)၊ ၉။ သီရိသုခရပ်ကွက် (အင်းမမြို့)၊ ၁၀။ သီရိမင်္ဂလာရပ်ကွက်(အင်းမမြို့)၊ ၁၁။ သီရိကန်သာရပ်ကွက် (အင်းမမြို့)၊ ၁၂။ ရပ်ကွက်(၁)အောင်ရတနာရပ်ကွက် (ဆင်မြီးဆွဲမြို့)၊ ၁၃။ ရပ်ကွက်(၂)ဗဟိုရပ်ကွက်(ဆင်မြီးဆွဲမြို့)၊ ၁၄။ ရပ်ကွက်(၃)ခေတ်သစ်ရတနာရပ်ကွက် (ဆင်မြီးဆွဲမြို့)၊ ၁၅။ ဝိတ်ချင်းကုန်းကျေးရွာအုပ်စု၊ ၁၆။ ရဲရဲကန်ကျေးရွာအုပ်စု၊ ၁၇။အုပ်ဆွဲကျေးရွာအုပ်စု၊ ၁၈။ အုပ်ဖိုကျေးရွာအုပ်စု၊ ၁၉။ ရွာမကျေးရွာအုပ်စု၊ ၂၀။ လိန်တန်းကျေးရွာအုပ်စု၊ ၂၁။ ဇလဲ့ကျေးရွာအုပ်စု၊ ၂၂။ သဖန်းချိုကျေးရွာအုပ်စု၊ ၂၃။ ဇီးကုန်းကျေးရွာအုပ်စု၊ ၂၄။ ဆင်ကျုံးကျေးရွာအုပ်စု၊ ၂၅။ လင်းလဲကျေးရွာအုပ်စု၊ ၂၆။ လက်ပံလုံးလှကျေးရွာအုပ်စု၊ ၂၇။ ကန်နှစ်ဆင့်ကျေးရွာအုပ်စု၊ ၂၈။ လောင့်ကြီးကျေးရွာအုပ်စု၊ ၂၉။ ရွာသစ်ကျေးရွာအုပ်စု။

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

		၃၀။ ရင်းတိုက်မှော်ကျေးရွာအုပ်စု၊ ၃၁။ ကရင်ကုန်းကျေးရွာအုပ်စု၊ ၃၂။ တောင်ကြို့ကုန်းကျေးရွာအုပ်စု၊ ၃၃။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၃၄။ ၄ကိတော်ဖြိုးကျေးရွာအုပ်စု၊ ၃၅။ ချောင်းကမ်းကြီးကျေးရွာအုပ်စု၊ ၃၆။ ကျေးသားကျေးရွာအုပ်စု၊ ၃၇။ တပင်မှော်ကျေးရွာအုပ်စု၊ ၃၈။ အင်းပေါ်ငယ်ကျေးရွာအုပ်စု၊ ၃၉။ ဆောက်ချိုကြီးကျေးရွာအုပ်စု၊ ၄၀။ ကြို့ပင်သာကျေးရွာအုပ်စု၊ ၄၁။ ကွဲခေါင်းကျေးရွာအုပ်စု၊ ၄၂။ ချားလျားကုန်းကျေးရွာအုပ်စု၊ ၄၃။ ရပ်သာကျေးရွာအုပ်စု၊ ၄၄။ ကျူတောကျေးရွာအုပ်စု၊ ၄၅။ ကြပ်နားကျေးရွာအုပ်စု၊ ၄၆။ ကွေ့တက်ကျေးရွာအုပ်စု၊ ၄၇။ နွယ်ကောက်ကျေးရွာအုပ်စု၊ ၄၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၄၉။ မင်းလှကျေးရွာအုပ်စု၊ ၅၀။ ဘွတ္တောကျေးရွာအုပ်စု၊ ၅၁။ ကြို့ကုန်းကျေးရွာအုပ်စု၊ ၅၂။ ကြို့ရပ်သာကျေးရွာအုပ်စု။
၁၃	**မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူ အနိုင်ယူစနစ်)**	
၁၃	နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်	နွားထိုးကြီးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄) ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ အမှတ်(၆)ရပ်ကွက်၊ ၇။ အမှတ်(၇)ရပ်ကွက်၊ ၈။ အမှတ်(၈)ရပ်ကွက်။
၁၄	စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်	စဉ့်ကူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄။ လက်ပန်လှ ကျေးရွာအုပ်စု၊ ၅။ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ၆။ ရွှေပြည်ကျေးရွာအုပ်စု။
၁၅	မိုးကုတ်မြို့နယ် မဲဆန္ဒနယ်	မိုးကုတ်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်၊ ၂။ ရှောလီပိုင်းရပ်ကွက်၊ ၃။ မင်းတံတားရပ်ကွက်၊ ၄။ လယ်ဦးရပ်ကွက်၊ ၅။ ရေပူရပ်ကွက်၊ ၆။ ဝိန်းပြစ်ကျေးရွာအုပ်စု၊ ၇။ တောင်ခွန်းကျေးရွာအုပ်စု၊ ၈။ သဒ္ဒတ်သျှိုကျေးရွာအုပ်စု၊ ၉။ ပြောင်းပြင်ကျေးရွာအုပ်စု၊ ၁၀။ ကျောက်ဆင်ကျေးရွာအုပ်စု၊ ၁၁။ ရွာသာယာကျေးရွာအုပ်စု၊ ၁၂။ ကျောက်ဝါကျေးရွာအုပ်စု၊ ၁၃။ လီရှောလယ်ဦးကျေးရွာအုပ်စု၊ ၁၄။ ချောင်းကြီးကျေးရွာအုပ်စု၊ ၁၅။ လီရှောကျောက်ပုံကျေးရွာအုပ်စု၊ ၁၆။ ကြက်နှစ်ဖကျေးရွာအုပ်စု၊ ၁၇။ ဘော့လုံးကြီးကျေးရွာအုပ်စု၊ ၁၈။ ကပိုင်ကျေးရွာအုပ်စု၊ ၁၉။ ကသဲကျေးရွာအုပ်စု၊ ၂၀။ ကျပ်ပြင်ကျေးရွာအုပ်စု၊ ၂၁။ အုန်ဒန်ကျေးရွာအုပ်စု၊ ၂၂။ ရေအေးကျေးရွာအုပ်စု၊ ၂၃။ ကင်းကျေးရွာအုပ်စု၊ ၂၄။ လောင်းစင်ကျေးရွာအုပ်စု၊ ၂၅။ ရွှေညောင်ပင်ကျေးရွာအုပ်စု၊ ၂၆။ ဗမွန်ကျေးရွာအုပ်စု၊ ၂၇။ ဖြူရောင်ကျေးရွာအုပ်စု၊ ၂၈။ ကျောက်တလုံးကျေးရွာအုပ်စု၊ ၂၉။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၃၀။ ညောင်ထောက်ကျေးရွာအုပ်စု၊ ၃၁။ ပင်သပြေကျေးရွာအုပ်စု၊ ၃၂။ လွယ်ငင်းကျေးရွာအုပ်စု။
၁၆	**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူ အနိုင်ယူစနစ်)**	
၁၆	ရေကြည်မြို့နယ် မဲဆန္ဒနယ်	ရေကြည်မြို့နယ်အတွင်းရှိ ၁။ နေဝင်းရပ်ကွက်(ရေကြည်မြို့)၊ ၂။ ဆရာစံရပ်ကွက်(ရေကြည်မြို့)၊ ၃။ အောင်ဆန်းရပ်ကွက်(ရေကြည်မြို့)၊ ၄။ ဗထူးရပ်ကွက်(ရေကြည်မြို့)၊ ၅။ မြို့မရပ်ကွက်(ရေကြည်မြို့)၊ ၆။ ရှေ့ဆောင်ရပ်ကွက်(ငါးသိုင်းချောင်းမြို့)၊ ၇။ မြို့မရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၈။ ဝဝန်ရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၉။ သောင်တန်း (အောင်ဆန်း) ရပ်ကွက်(ငါးသိုင်းချောင်းမြို့)၊ ၁၀။ မြို့သစ်ရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၁၁။ ရွှေဘိုရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၁၂။ အမှတ်(၁)ရပ်ကွက်(အသုတ်မြို့)၊ ၁၃။ အမှတ်(၂) ရပ်ကွက်(အသုတ်မြို့)၊ ၁၄။ အမှတ်(၃)ရပ်ကွက် (အသုတ်မြို့)၊ ၁၅။ အမှတ်(၄)ရပ်ကွက်(အသုတ်မြို့)၊ ၁၆။ အမှတ်(၅) ရပ်ကွက် (အသုတ်မြို့)၊ ၁၇။ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ၁၈။ သဃ်ိန်းခေါင့်ကျေးရွာအုပ်စု၊ ၁၉။ ကျုံပဒုတ်ကျေးရွာအုပ်စု၊ ၂၀။ ကညင်ဝွကျေးရွာအုပ်စု၊ ၂၁။ ပဒေါက်ချောင်ကျေးရွာအုပ်စု၊ ၂၂။ မရင်းကူးကျေးရွာအုပ်စု၊ ၂၃။ ဇရပ်လှကျေးရွာအုပ်စု၊ ၂၄။ ကျုံမရမ်းကျေးရွာအုပ်စု၊ ၂၅။ တောင်လဟာကျေးရွာအုပ်စု၊ ၂၆။ နတ်စင်ဝူကျေးရွာအုပ်စု၊ ၂၇။ ညောင်ဝူကျေးရွာအုပ်စု၊ ၂၈။ ၄က်သိုက်ကျေးရွာအုပ်စု၊ ၂၉။ အင်းလျှောကုန်းကျေးရွာအုပ်စု၊ ၃၀။ သံဒင်းကျေးရွာအုပ်စု၊ ၃၁။ ကြာကန်ကျေးရွာအုပ်စု၊ ၃၂။ ရုံးတိုးကျေးရွာအုပ်စု၊ ၃၃။ ကျားချောင်ကျေးရွာအုပ်စု၊ ၃၄။ တောင်လယ်ကျေးရွာအုပ်စု၊ ၃၅။ တွတ်ပလွတ်ကျေးရွာအုပ်စု၊ ၃၆။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၃၇။ ကျွဲတလင်းကျေးရွာအုပ်စု၊ ၃၈။ ဘုရားဝူကျေးရွာအုပ်စု၊ ၃၉။ သခွတ်ကုန်းကျေးရွာအုပ်စု၊ ၄၀။ ဝက်ရုပ်ကျေးရွာအုပ်စု၊ ၄၁။ ရေသိုးကျေးရွာအုပ်စု၊ ၄၂။ ကန်ချောင်းကျေးရွာအုပ်စု၊ ၄၃။ ကွမ်းသီးချောင်းကျေးရွာအုပ်စု၊ ၄၄။ ချောင်းဖျားကျေးရွာအုပ်စု၊ ၄၅။ ဖက်သလက်ကျေးရွာအုပ်စု၊ ၄၆။ ဝါးရုံလဟာကျေးရွာအုပ်စု၊ ၄၇။ ဒိုးကုန်းကျေးရွာအုပ်စု၊ ၄၈။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၄၉။ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ၅၀။ ဒေါင့်ကြီးရိုးမဒေါ့ကျေးရွာအုပ်စု၊ ၅၁။ နတ်စင်ကွင်းကျေးရွာအုပ်စု၊ ၅၂။ သစ်ငုတ္တမထောင်ကျေးရွာအုပ်စု၊ ၅၃။ ကျုံဖားရိုးကျေးရွာအုပ်စု၊ ၅၄။ ညောင်ငူလက်ခုတ်ကျေးရွာအုပ်စု၊ ၅၅။ တိုက်စွန်းအောက်အင်းကျေးရွာအုပ်စု၊ ၅၆။ ထန်းကျွန်းဆိပ်သာကျေးရွာအုပ်စု၊ ၅၇။ သရက်ကုန်းကျေးရွာအုပ်စု၊ ၅၈။ ဝက်လာကျေးရွာအုပ်စု၊ ၅၉။ ယိုးဒယားဒက်ကျေးရွာအုပ်စု၊ ၆၀။ ကိုင်းချောင်ကျေးရွာအုပ်စု၊ ၆၁။ ဆပ်ကွင်းကျေးရွာအုပ်စု၊ ၆၂။ နွားရေတိုက်ကျေးရွာအုပ်စု၊ ၆၃။ အကယ်ကြီးကြို့ကုန်းကျေးရွာအုပ်စု၊ ၆၄။ နှောကုန်းကျေးရွာအုပ်စု၊ ၆၅။ မကြီးလဟာကျေးရွာအုပ်စု၊ ၆၆။ ကွင်းကြီးကျေးရွာအုပ်စု၊ ၆၇။ ပန်းဇီကွင်းကျေးရွာအုပ်စု၊ ၆၈။ ဘွဲ့ဝူကျေးရွာအုပ်စု၊ ၆၉။ ကညင်ဝူကျေးရွာအုပ်စု၊ ၇၀။ ရင်းရှည်ကျေးရွာအုပ်စု၊ ၇၁။ သစ်ဖြူပင်ကျေးရွာအုပ်စု၊ ၇၂။ မျက်တိုကျေးရွာအုပ်စု၊ ၇၃။ ကုန်းပြင်ကျေးရွာအုပ်စု၊ ၇၄။ မိသလင်ကျေးရွာအုပ်စု၊ ၇၅။ ငွေးတောက်ကျေးရွာအုပ်စု၊ ၇၆။ သောင်ကြီးကျေးရွာအုပ်စု၊ ၇၇။ မြစ်ဆယ်ကျေးရွာအုပ်စု၊ ၇၈။ မအူကုန်းကျေးရွာအုပ်စု၊ ၇၉။ ဒေါင့်ကြီးဘက်ကျေးရွာအုပ်စု၊ ၈၀။ သရက်ချောင်းကျေးရွာအုပ်စု၊ ၈၁။ ကွင်းချောင်းကျေးရွာအုပ်စု၊ ၈၂။ ကွင်းလျှားကျေးရွာအုပ်စု၊ ၈၃။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၈၄။ ကမ်းနီကျေးရွာအုပ်စု၊ ၈၅။ ကွင်းပေါက်ကျေးရွာအုပ်စု၊ ၈၆။ ညောင်မှော်ကျေးရွာအုပ်စု၊ ၈၇။ ကက္ကူလေးကျေးရွာအုပ်စု၊ ၈၈။ ကျောက်ချောင်းကျေးရွာအုပ်စု၊ ၈၉။ ဒေါင့်ကြီးကျေးရွာအုပ်စု၊ ၉၀။ ရေနံ့သာကျေးရွာအုပ်စု၊ ၉၁။ ဘုတ်ချောင်းကျေးရွာအုပ်စု၊ ၉၂။ ကျပ်ကွင်းကျေးရွာအုပ်စု။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့်(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဓမ္မာသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အငြိမ်းစားဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရုံးသန့်ရှင်းသာယာလှပရေးတို့တွင် ထူးချွန်စွာဆောင်ရွက်နိုင်သည့် စံပြမြို့နယ်ဆုနှင့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆု၊ ဝန်ထမ်းများအတွက် ဝတ်စုံများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်း မှတ်တမ်းဗီဒီယိုကို ပြသခဲ့ကြောင်း သတင်းရရှိသည်။

အောင်မျိုးဝင်း(ဥတ္တရ)

ထန်းတပင်မြို့နယ် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြ

ထန်းတပင် နိုဝင်ဘာ ၅

ထန်းတပင်မြို့နယ်၌ စက်သုံးဆီရောင်းချနေသော ဆီဆိုင်များကို အယ်လ်နီညိုကာလအတွင်း မီးလောင်မှု မီးလန့်မှုများ မဖြစ်ပေါ်စေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်းများကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စက်သုံးဆီဆိုင်များကို မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများစစ်ဆေးကာ စက်သုံးဆီဆိုင်ပိုင်ရှင်များနှင့် အရောင်းဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတွေ့လာပါက မီးသတ်ဆေးဘူးအသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



အဖိုးတန်ရေချို
တန်ဖိုးထား
ထိန်းသိမ်းကြစေလို

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ခုဖြစ်



နေပြည်တော် နိုဝင်ဘာ ၅

ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့ မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ –၂၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံက ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (DEDC) အနေဖြင့် "မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀" ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းပြမြေပုံသည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားကြရမည့် ကိစ္စရပ်များအတွက် မဟာဗျူဟာ မျှော်မှန်းချက်၊ မဟာဗျူဟာရည်မှန်းချက်လုပ်ငန်းစဉ်များ ပါဝင်၍ ဖွဲ့စည်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

DEDC ၏ လုပ်ငန်းကော်မတီ ၄ ခုအနေဖြင့် သက်ဆိုင်သော လုပ်ငန်းစဉ်များကို ကာလတို၊ ကာလလတ်၊ ကာလရှည် အချိန်ဇယားများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် တက်ညီလက်ညီဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ Living Document အဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သော မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030) ပါ ကာလတို၊ ကာလလတ်၊ ကာလရှည် လုပ်ငန်းစဉ်များအပေါ် လုပ်ငန်းကော်မတီများ အနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှု အခြေအနေကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမှုများအပေါ် ပေါ်ပေါ်ပြည့်နှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ လုပ်ငန်းကော်မတီ လေးခုမှ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်နှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော အစိုးရ/ ပုဂ္ဂလိကကဏ္ဍတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❐ *ကျောဖုံးမှ*

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဗိုလ်ဌေး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရအားကစားသမားများ တက်ရောက်၍ ဗိုလ်လုပွဲများဖြစ်သော 9 Ball Pool၊ ဘိလိယက်၊ စနူကာ 6-Red နှင့် စနူကာ 15-Red ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ အမျိုးသားဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ကျော်စွာဝင်း(ဧရာဝတီတိုင်းဒေသကြီး)၊ ဒုတိယဆု ရရှိသည့် ဝင်းကိုကို (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသည့် ဇော်လင်းနု (ချင်းပြည်နယ်) နှင့် ပူးတွဲတတိယဆုရရှိသည့် သီဟိုဝိုး (စစ်ကိုင်းတိုင်းဒေသကြီး) တို့နှင့် အမျိုးသား ဘိလိယက်ပြိုင်ပွဲတွင် ၈၂ မှတ်ဖြင့် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသွားသော ဝင်းကိုကို (မန္တလေးတိုင်းဒေသကြီး)တို့အား ဧရာဝတီတိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဧော်မင်းက လည်းကောင်း၊ အမျိုးသားစနူကာ15-Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကောင်းဈာန်ထက် (မကွေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော အောင်ညီညီမောင် (ရန်ကုန်တိုင်းဒေသကြီး)၊ တတိယဆုရရှိသော နိုင်ဝင်း(ရန်ကုန်တိုင်းဒေသကြီး) နှင့် ပူးတွဲတတိယဆုရရှိသော မာန်ဟိန်းကျော် (မန္တလေးတိုင်းဒေသကြီး) တို့နှင့် အမျိုးသား စနူကာ 15-Red ပြိုင်ပွဲတွင် ၆၈ မှတ်ဖြင့် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသွားသော ကမ္ဘာလင်း(ရှမ်းပြည်နယ်)အား မကွေးတိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမင်းထွန်းဦး ကလည်းကောင်း၊ အမျိုးသမီး စနူကာ 6-Red ပြိုင်ပွဲတွင် ပထမဆုရရှိသော အေမိအောင် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော ဖြူစင်အောင် (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော စန်းစန်းမော် (ရန်ကုန်တိုင်းဒေသကြီး)နှင့် ပူးတွဲတတိယဆုရရှိသော အေးအေးမြတ် (ရှမ်းပြည်နယ်) တို့နှင့် အမျိုးသမီးစနူကာ 6-Red ပြိုင်ပွဲတွင် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသွားသော ဖြူစင်အောင် (မန္တလေးတိုင်းဒေသကြီး)တို့အား ရန်ကုန်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဧော်မင်းက လည်းကောင်း၊ အမျိုးသား စနူကာ 6-Red ပြိုင်ပွဲတွင် ပထမဆုရရှိသော သူရဇော် (ရန်ကုန်တိုင်းဒေသကြီး) တို့နှင့် အမျိုးသား စနူကာ 6-Red ပြိုင်ပွဲတွင် ၅၃ မှတ်ဖြင့် အမှတ်အများဆုံး (Highest Break) ဆုဖလားရရှိသွားသော အောင်နိုင်စိုး(ရန်ကုန်တိုင်းဒေသကြီး)တို့အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးအောင်ကိုကိုက လည်းကောင်း၊ အမျိုးသမီး 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ခေါ်ဆန့် (ရှမ်းပြည်နယ်)၊ ဒုတိယဆုရရှိသော သက်ဝါဝင်း (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော ဝင်းမာလာအောင် (မွန်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော သန္တာတိုးအောင်(မွန်ပြည်နယ်) တို့နှင့် အမျိုးသား 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော အောင်ဖြိုး (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော စိုင်းကွမ်းမိုင်း(ရှမ်းပြည်နယ်)၊ တတိယဆုရရှိသော အောင်မြင့် (ကချင်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော ခန့်မင်းထွန်း(စစ်ကိုင်းတိုင်းဒေသကြီး) တို့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် ချီးမြှင့်ခဲ့သည်။

ထို့ပြင် ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် ပူးတွဲအမျိုးသမီး တံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ် အသင်းအား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်က လည်းကောင်း၊ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရွှေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် သုံးခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

ပွဲချိန်ပြည့်ခါနီးတွင် AEK အသင်းကစားသမားကိုအီတာ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။

AEK အသင်းအတွက် သွင်ဂိုးများကို ကိုအီတာနှင့် ပီလီယော့စ်တို့က သွင်းယူပေးပြီး ရိုးရဲမက်ဒရစ်အတွက် သွင်းဂိုးများကို ဘယ်လင်ဂမ်၊ အမဲဘာပေနှင့် ဗယ်လ်ဗာဒီတို့က သွင်းယူပေးခဲ့သည်။ ရိုးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲရလဒ်ကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လေးပွဲကစား လေးပွဲနိုင် ရမှတ် ၁၂ မှတ် စုဆောင်းရရှိထားပြီဖြစ်သည်။

အခြားပွဲစဉ် ရလဒ်များတွင် ဖီနာဘာချီက လီဗာပူးကို သုံးဂိုး-နှစ်ဂိုး၊ ဒေါ့မွန်က ဘက်တစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ပေါ်တိုက နာပိုလီကို လေးဂိုး-တစ်ဂိုး၊ ကိုမိုက လန်းစ်ကို ကိုးဂိုး-တစ်ဂိုး၊ ကလပ်ဘရုဂ်ဂေးက PSV ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက လိုက်ပ်ဇစ်ကို သုံးဂိုး-နှစ်ဂိုး၊ အာဆင်နယ်က ဆလာဗီယာကို နှစ်ဂိုး-တစ်ဂိုး၊ ဗိုက်ကင်းက ဆာဘာကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

ချန်ပီယံလိဂ် ပြိုင်ပွဲလိဂ်အဆင့် ပွဲစဉ် (၄) ပွဲသည်ပြိုင်ကစား အပြီးတွင် ပီအက်စ်ဂျီအသင်းသည် ဒုတိယနေရာမှ ရိုးရဲမက်ဒရစ်အသင်းနှင့် ရမှတ် ၁၂ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ အင်္ဂလန်ကိုယ်စားပြု ကလပ်များဖြစ်သည့် အာဆင်နယ်၊ အက်စ်တွန်ဗီလာ၊ မန်စီးတီးနှင့် လီဗာပူး အသင်းတို့ အမှတ်ပေးဇယား အဆင့် ၈ အတွင်း ဝင်ရောက်နိုင်ခဲ့ပြီး နောက်တစ်ဆင့်ကို တိုက်ရိုက် တက်လှမ်းနိုင်မည့် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ **အောင်ဇော်**

❁ *ကျောဖုံးမှ*

ရခိုင်ယူနိုက်တက် အသင်းမှ ခြေစွမ်းပြ ကစားနိုင်ခဲ့သည့် ကျောနံပါတ် (၁၁) ညီညီထွန်းက ရရှိခဲ့သည်။

အပတ်စဉ်(၄) ဒုတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၆ ရက် (ယနေ့) တွင် Enjoy Brother အသင်းနှင့် Elite Kings အသင်း (တက္ကသိုလ်လင်းဂျင်း)၊ Royal Dagon အသင်းနှင့် Asia Lion အသင်း (ပဒုမ္မာကွင်း) တို့ ဆက်လက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ–MLII

❂ *ကျောဖုံးမှ*

ယနေ့ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်များတွင် SGF Youth အသင်းက Mahar Burma အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက Victoria အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Avengers Junior အသင်းက TKA Stars အသင်းကို သုံးဂိုး -နှစ်ဂိုး၊ Jullniss အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး - တစ်ဂိုး၊ FFU Minmahaw အသင်းက Bushido အသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး United City နှင့် MAR Rein အသင်း ပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။

အပတ်စဉ်(၁၇) ပွဲစဉ်များ အပြီးတွင် SGF Youth အသင်းက ၄၄ မှတ်၊ Victoria အသင်းက ၄၁ မှတ်၊ FFU Minmahaw အသင်းနှင့် Pacific Sun Far အသင်းက ၃၂ မှတ်စီ၊ Mahar Burma က ၃၁ မှတ်၊ Avengers Junior အသင်းက ၂၇ မှတ်၊ United City က ၂၅ မှတ်၊ Jullniss FC က ၂၄ မှတ်၊ TKA Stars FC က ၁၉ မှတ်၊ Bushido FC က ၁၀ မှတ်၊ MAR Rein အသင်းက ငါးမှတ်နှင့် ရွှေပြည်သာယူနိုက်တက်က လေးမှတ် ရရှိထားသည်။

နေမျိုး
ဓာတ်ပုံ–MFF

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၅

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ချင်းပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှု နိုင်ငံဖွံ့ဖြိုးရေးအတွက် နိုင်ငံသားတိုင်း လက်ကိုင်ထားရမည့် စံတန်ဖိုးများ

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ခေတ်မီဆန်းပြားခမ်းနားသော မိုးမျှော်တိုက်တာအဆောက်အအုံများ၊ လမ်းတံတားများ၊ စက်ရုံအလုပ်ရုံများနှင့် စီးပွားရေးတိုးတက်မှုနှုန်းများဖြင့်သာ တိုင်းတာ၍မရနိုင်ပါ။ လူတစ်ဦးချင်းစီ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု၊ အခွင့်အရေးများကို လေးစားကာကွယ်မှု၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုနှင့် မတရားမှုများအပေါ် တာဝန်ယူဖြေရှင်းနိုင်မှုတို့သည်လည်း နိုင်ငံတစ်နိုင်ငံ၏ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြသည့် အရေးကြီးသောစံညွှန်းများဖြစ်ကြသည်။

ဒေါက်တာဇော်ထွန်းအောင် (ပညာရေး)

လူ့အဖွဲ့အစည်းတစ်ခုတွင် ဥပဒေရှိရုံဖြင့် တရားမျှတမှု အလိုအလျောက်ဖြစ်ပေါ်လာမည်မဟုတ်ပါ။ ဥပဒေကို မည်သူမဆို တန်းတူလိုက်နာရမည်ဖြစ်သကဲ့သို့ ဥပဒေကို အကောင်အထည်ဖော်သူများကလည်း တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို လက်ကိုင်ထားရမည်ဖြစ်သည်။ ထို့ပြင် မတရားမှုကိုမြင်တွေ့ရသည့်အခါ ကိုယ်နှင့်မဆိုင်သကဲ့သို့ လျစ်လျူရှုနေခြင်းသည်လည်း လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံအုတ်မြစ်ကို တဖြည်းဖြည်းယိုယွင်းစေနိုင်သည်။

မြန်မာနိုင်ငံ ရေရှည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများတွင် ရေရှည်တိုးတက်လာစေရန်အတွက် ဥပဒေစိုးမိုးမှုနှင့် တရားမျှတမှုကို အဖွဲ့အစည်းများ၏တာဝန်အဖြစ် သာမက နိုင်ငံသားတိုင်း၏နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးရမည့် စံတန်ဖိုးများအဖြစ် ရှုမြင်ရန်လိုအပ်သည်။ **“မတရားမှုကို လက်ခံခြင်းသည် တရားမျှတမှုကို အားနည်းစေပြီး တာဝန်ယူမှုကို ကျင့်သုံးခြင်းသည် လူ့အဖွဲ့အစည်းကို ခိုင်မာစေသည်”** ဟူသော အတွေးအမြင်ကိုအခြေခံ၍ တရားမျှတသော လူ့အဖွဲ့ အစည်းတစ်ရပ် တည်ဆောက်ရေးအတွက် အရေးကြီးသည့်အချက်များကို ဆွေးနွေးတင်ပြလိုပါသည်။

တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတည်ငြိမ်ဖွံ့ဖြိုးရေး၏ အခြေခံအုတ်မြစ်

တရားဥပဒေစိုးမိုးမှုဆိုသည်မှာ ဥပဒေရှိနေခြင်းမျှသာမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများ အားလုံးသည် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရခြင်း၊ ဥပဒေကို တရားမျှတစွာ အကောင်အထည်ဖော်ခြင်းနှင့် အခွင့်အာဏာကို မတရားအသုံးချမှုမှ ကာကွယ်ခြင်းတို့ပါဝင်သည်။ ဥပဒေသည် အားနည်းသူများကိုသာ ထိန်းချုပ်ပြီး အင်အားကြီးသူများအတွက် ခြွင်းချက်ဖြစ်နေပါက တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိသည်ဟု မဆိုနိုင်ပေ။

ဥပမာအားဖြင့် ယာဉ်စည်းကမ်းချိုးဖောက်မှု၊ အများပိုင်ပစ္စည်းပျက်စီးစေမှု၊ အဂတိလိုက်စားမှုနှင့် အများပြည်သူအကျိုးကို ထိခိုက်စေသည့်လုပ်ရပ်များကို သက်ဆိုင်သူ၏ ရာထူး၊ ငွေကြေးနှင့် လူမှုအဆင့်အတန်းအပေါ် မူတည်၍ မတူညီစွာ ကိုင်တွယ်ပါက ပြည်သူများ၏ဥပဒေအပေါ် ယုံကြည်မှုကျဆင်းလာမည်ဖြစ်သည်။ ထို့ကြောင့် ဥပဒေကို တန်းတူညီမျှကျင့်သုံးခြင်း၊ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် မျှတမှုရှိခြင်းနှင့် ပြည်သူများအနေဖြင့် ဥပဒေဆိုင်ရာ အခွင့်အရေး၊ တာဝန်များကို သိရှိနားလည်ခြင်းတို့သည် မရှိမဖြစ်လိုအပ်သည်။

နိုင်ငံတကာအတွေ့အကြုံများအရလည်း ခိုင်မာသောဥပဒေစနစ်၊ ယုံကြည်စိတ်ချရသောအဖွဲ့အစည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို တစ်သမတ်တည်း အကောင်အထည်ဖော်နိုင်မှုတို့သည် စီးပွားရေး လုပ်ငန်းများအတွက် ယုံကြည်စိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သည်။ ပြည်သူများ၏ ပိုင်ဆိုင်မှုအခွင့်အရေး၊ စာချုပ်ဆိုင်ရာအခွင့်အရေးနှင့် တရားမျှတမှုရရှိနိုင်ရေးတို့ကို အာမခံနိုင်ခြင်းသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည်။

မြန်မာနိုင်ငံတွင်လည်း ဥပဒေကိုကြောက်ရွံ့၍ လိုက်နာရသည့်အခြေအနေထက် ဥပဒေ၏ရည်ရွယ်ချက်နှင့် တရားမျှတမှုကိုနားလည်၍ လေးစားလိုက်နာသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ပေါက်လာရန် လိုအပ်သည်။ **ဥပဒေစိုးမိုးမှုခိုင်မာမှသာ ပြည်သူ့ယုံကြည်မှုခိုင်မာမည်ဖြစ်ပြီး ပြည်သူ့ယုံကြည်မှုခိုင်မာမှသာ နိုင်ငံ၏ဖွံ့ဖြိုးရေးအုတ်မြစ် တည်မြဲနိုင်မည်ဖြစ်သည်။**

မတရားမှုကို မျက်ကွယ်မပြုခြင်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရဲရင့်မှု

လူ့အဖွဲ့အစည်းတွင် မတရားမှုများ ဆက်လက်ထိခိုက်စေခြင်းတို့ကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။

မြန်မာ့လူမှုဘဝတွင်လည်း မိသားစု၊ ကျောင်း၊ လုပ်ငန်းခွင်နှင့် ရပ်ရွာအသိုက်အဝန်းအတွင်း မတရားမှုကို ယဉ်ကျေးသိမ်မွေ့စွာ ထောက်ပြနိုင်ခြင်း၊ အမှန်တရားဘက်မှ ရပ်တည်ခြင်းနှင့် ထိခိုက်ခံရသူများအား ကူညီပံ့ပိုးခြင်းတို့ကို အားပေးသင့်သည်။ **“မတရားမှုကို မျက်ကွယ်ပြုခြင်းထက် တရားမျှတမှုအတွက် တာဝန်သိစွာ ရပ်တည်ခြင်းက လူ့ဂုဏ်သိက္ခာကို ပိုမိုမြင့်မားစေသည်”** ဟူသော အယူအဆကို နိုင်ငံသားတိုင်း နှလုံးသွင်းသင့်သည်။

ဥပမာအားဖြင့် ပြည်သူ့ဝန်ဆောင်မှုတစ်ခုရရှိရန် တရားဝင်သတ်မှတ်ထားသော လုပ်ငန်းစဉ်အပြင် အပိုငွေပေးမှသာ ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ခြင်းသည် ငွေကြေးမတတ်နိုင်သူများကို နစ်နာစေပြီး တန်းတူအခွင့်အရေးကို ထိခိုက်စေသည်။ အလားတူ အရည်အချင်းနှင့် စည်းမျဉ်းစည်းကမ်းအပေါ်မူတည်၍ ဆုံးဖြတ်ရမည့်ကိစ္စများတွင် ကိုယ်ရေးကိုယ်တာဆက်ဆံရေး၊ လာဘ်ပေးလာဘ်ယူမှုနှင့် အုပ်စုအကျိုးစီးပွားတို့ကို ဦးစားပေးပါက အရည်အချင်းရှိသူများ၏ အခွင့်အလမ်းများဆုံးရှုံးနိုင်

တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

အဂတိလိုက်စားမှုသည် ငွေကြေးဆုံးရှုံးမှုတစ်ခုတည်းကိုသာ ဖြစ်စေခြင်းမဟုတ်ဘဲ အများပြည်သူ၏ယုံကြည်မှု၊ အခွင့်အရေးနှင့် လူမှုတရားမျှတမှုတို့ကိုပါ ထိခိုက်စေသောပြဿနာဖြစ်သည်။ တစ်ဖန် လက်ဆောင်ပေးခြင်း၊ မလျော်ကန်သော အကျိုးခံစားခွင့်များလက်ခံခြင်း၊ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အာဏာအသုံးချခြင်းနှင့် အများပိုင်အရင်းအဖြစ်များကို အလွဲသုံးစားပြုခြင်းတို့သည် အဖွဲ့အစည်းများအပေါ် ပြည်သူများ၏ ယုံကြည်မှုကို လျော့နည်းစေသည်။

ဥပမာအားဖြင့် ပြည်သူ့ဝန်ဆောင်မှုတစ်ခုရရှိရန် တရားဝင်သတ်မှတ်ထားသော လုပ်ငန်းစဉ်အပြင် အပိုငွေပေးမှသာ ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ခြင်းသည် ငွေကြေးမတတ်နိုင်သူများကို နစ်နာစေပြီး တန်းတူအခွင့်အရေးကို ထိခိုက်စေသည်။ အလားတူ အရည်အချင်းနှင့် စည်းမျဉ်းစည်းကမ်းအပေါ်မူတည်၍ ဆုံးဖြတ်ရမည့်ကိစ္စများတွင် ကိုယ်ရေးကိုယ်တာဆက်ဆံရေး၊ လာဘ်ပေးလာဘ်ယူမှုနှင့် အုပ်စုအကျိုးစီးပွားတို့ကို ဦးစားပေးပါက အရည်အချင်းရှိသူများ၏ အခွင့်အလမ်းများဆုံးရှုံးနိုင်သည်။

အဂတိလိုက်စားမှုကိုတားဆီးရာတွင် လူတစ်ဦးချင်း၏ ကိုယ်ကျင့်တရားကောင်းမွန်မှုသာမက အဖွဲ့အစည်းဆိုင်ရာစနစ်များလည်း အရေးကြီးသည်။ ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ခြင်း၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာစေခြင်း၊ စာရင်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ အကျိုးစီးပွား ပဋိပက္ခများကို ထုတ်ဖော်ကြေညာခြင်းနှင့် တိုင်ကြားသူများကို သင့်လျော်စွာကာကွယ်ပေးခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အခွင့်အလမ်းများကို လျော့ချနိုင်သည်။

ကုလသမဂ္ဂ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာသဘောတူစာချုပ် (United Nations Convention against Corruption—UNCAC) သည် အဂတိလိုက်စားမှုကာကွယ်ရေး၊ ရာဇဝတ်မှုအဖြစ် သတ်မှတ်ကိုင်တွယ်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် အများပိုင် အရင်းအမြစ်များ ပြန်လည်ရယူရေးတို့ကို အလေးထားသည်။ ယင်းက **နိုင်ငံတစ်နိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ပြစ်မှုကျူးလွန်ပြီးမှ အရေးယူခြင်းတစ်ခုတည်းမဟုတ်ဘဲ ကြိုတင်ကာကွယ်နိုင်သော စနစ်ကောင်းများ တည်ဆောက်ခြင်းနှင့်လည်း သက်ဆိုင်ကြောင်း** ဖော်ပြနေသည်။

ထို့ကြောင့် နိုင်ငံသားတိုင်းသည် မိမိ၏တာဝန်ဝတ္တရားများကို ရိုးသားစွာထမ်းဆောင်ခြင်း၊ မလျော်ကန်သော အကျိုးခံစားခွင့်များကို ငြင်းပယ်ခြင်း၊ အများပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်းနှင့် မသမာမှုများကို သင့်လျော်သောလမ်းကြောင်းမှတစ်ဆင့် တင်ပြခြင်းတို့ကို လက်တွေ့ကျင့်သုံးရမည်။ **“ရိုးသားမှုသည် လူတစ်ဦး၏ဂုဏ်သိက္ခာဖြစ်ပြီး တာဝန်ခံမှုသည် အဖွဲ့အစည်းတစ်ခု၏ ယုံကြည်စိတ်ချရမှုဖြစ်သည်”** ဟူသောသဘောတရားကို နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ဖော်ဆောင်သင့်သည်။

ဒေသတွင်းနှင့် နိုင်ငံတကာအတွေ့အကြုံများမှ သင်ခန်းစာယူခြင်း

တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှုကို ခိုင်မာစေရန် နိုင်ငံတကာအတွေ့အကြုံများမှ သင်ယူနိုင်သည့် အချက်များစွာရှိသည်။ သို့သော် နိုင်ငံတစ်နိုင်ငံ၏အောင်မြင်မှုကို အခြားနိုင်ငံတစ်နိုင်ငံသို့ တိုက်ရိုက်ကူးယူခြင်းထက် မိမိနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေအနေများနှင့်ကိုက်ညီအောင် လေ့လာအသုံးချခြင်းက ပိုမိုအရေးကြီးသည်။

ဥပမာအားဖြင့် စင်ကာပူနိုင်ငံ၏ ပြည်သူ့ဝန်ဆောင်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွေ့အကြုံများတွင် ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများ၊ အဖွဲ့အစည်းဆိုင်ရာ ကြိုးကြပ်မှုနှင့် တာဝန်ခံမှုတို့ကို အလေးထားသည်။ ဂျပန်နိုင်ငံ၏ လူမှုဘဝတွင်လည်း အများပြည်သူအသုံးပြုသည့် နေရာများကို သန့်ရှင်းစွာထိန်းသိမ်းခြင်း၊ စည်းကမ်းလိုက်နာခြင်းနှင့် အများအကျိုး ထည့်သွင်းစဉ်းစားခြင်းတို့ကို လူမှုတာဝန်တစ်ရပ်အဖြစ် သင်ကြားပေးသည့်အလေ့အထများကို တွေ့ရသည်။ ယင်းအတွေ့အကြုံများမှ အဖွဲ့အစည်းဆိုင်ရာစည်းမျဉ်းများနှင့် နိုင်ငံသားတို့၏ နေ့စဉ်အပြုအမူများသည် အပြန်အလှန် အားဖြည့်ပေးရကြောင်း သင်ခန်းစာယူနိုင်သည်။

နိုင်ငံတကာတွင်လည်း ကုလသမဂ္ဂ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (SDG 16)သည် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်းများ တည်ဆောက်ရေး၊ လူတိုင်း တရားမျှတမှုရရှိနိုင်ရေးနှင့် ထိရောက်မှုရှိပြီး တာဝန်ခံမှုရှိသောအဖွဲ့အစည်းများ တည်ထောင်ရေးကို အလေးထားသည်။ ယင်းရည်မှန်းချက်သည် တရားဥပဒေစိုးမိုးမှုကို တရားရုံးများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်အဖြစ်သာမက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ခုလုံးနှင့် ဆက်စပ်နေသော အခြေခံတန်ဖိုးအဖြစ် ရှုမြင်ထားခြင်းဖြစ်သည်။ *စာမျက်နှာ ၁၃ သို့*

❖ *ကျောက်ဖုံးမှ*

ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၉ သင်း၊ အမျိုးသမီးအသင်း ကိုးသင်း စုစုပေါင်းအင်အား ၄၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အစီအစဉ်အရ ပြိုင်ပွဲဝင် အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဝန်ကြီးဌာနများမှ ဝန်ထမ်းများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘော်လီဘော အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာစေရေးတို့ အတွက် ရည်ရွယ်၍ ယခုပြိုင်ပွဲ အား ကျင်းပပေးရခြင်းဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများမှ တစ်ဆင့် လက်ရွေးစင်အဆင့်မီ မျိုးဆက်သစ် အားကစားသမား ကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာပြီး နိုင်ငံတကာ အဆင့်ထိ တက်လှမ်းနိုင်စေရေး နှင့်မြန်မာ့ဘော်လီဘောအားကစား နည်းကို ပြန်လည်ဦးမော့လာ စေရေးတို့အတွက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊ ယခုပြိုင်ပွဲ မှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ် အောင် ဆက်လက်ကြိုးစားသွား ကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ် ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများကအားကစား သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကို ပေးအပ်ခဲ့သည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စု ဝန်ကြီးများသည် ဒုတိယဝန်ကြီး များနှင့်အတူ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသားပထမ အဆင့် အုပ်စုပတ်လည်ပွဲစဉ် အဖြစ် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းတို့၏ အကြိတ် အနယ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှု အားပေးကြသည်။

အခမ်းအနားသို့ပြည်ထောင်စု အဆင့်ဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ ဒေါက်တာ စိုးဝင်း၊ ဒေါက်တာ သက်သက်ဇင်၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းလူ၊ ဒေါ်သန်းသန်းလင်း၊ ဗိုလ်ချုပ် ကျော်စွာဦး၊ ဦးစိုင်းထွန်းညို၊ ဒေါက်တာတင်ထွန်း၊ ဦးရဲတင့်၊ ဒေါက်တာ သောင်းနိုင်ဦး၊ ဦးမျိုး ကျော်သူ၊ ဦးစစ်နိုင်၊ ဒေါက်တာ သောင်းနိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါ်ခိုင်ခိုင်အောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစား ရေးရာဝန်ကြီးဌာန၊ အားကစား နှင့် ကာယပညာဦးစီးဌာနနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန် ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘော်လီ ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီး ဌာနများအလိုက် ပြိုင်ပွဲဝင်အသင်း များမှ အသင်းအုပ်ချုပ်သူ၊ နည်းပြ များနှင့် အားကစားသမားများ တက်ရောက်ကြကြောင်း သိရ သည်။ **သတင်းစဉ်**

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၅ ဧရာဝတီ တိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြ ရေလှောင်တမံ၏ ဆင်ခြေလျှော နိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်း များဆောင်ရွက်ပြီး ရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေ မှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေလိုလွှဲမှရေထုတ် လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၅ ရက်နေ့ ညနေပိုင်းတွင် တမံရှိ ရေ၂၉၅ ပေသာ ကျန်ရှိတော့သဖြင့် ၂၀ ပေခန့် ရေထုတ်လွှတ်လျှော့ချ ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံ ဆင်ခြေလျှောနိမ့်ကျမှု ဖြစ်ပွား သည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ် သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်း ခြင်းနှင့် လိုအပ်သည့် ကူညီ ဆောင်ရွက်မှုများကို နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံ ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

- **ရေချိုစိမ့်မမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**
- **ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။**

စာမျက်နှာ ၁၂ မှ

မြန်မာနိုင်ငံအတွက်လည်း ရပ်ရွာအဆင့် တွင် အများပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ ကျောင်းများတွင် အနိုင်ကျင့်မှုတားဆီးရေးနှင့် ကိုယ်ကျင့်တရားပညာပေးရေးကို အားပေးခြင်း၊ လုပ်ငန်းများတွင် တရားမျှတသော ဆုံးဖြတ်ချက် ချမှတ်မှုကို ကျင့်သုံးခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှု များတွင် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းတို့မှ စတင်နိုင်သည်။ တစ်ချိန်တည်းမှာပင် ဥပဒေစိုးမိုး ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများတွင် လွတ်လပ်မှု၊ မျှတမှုနှင့် တာဝန်ခံမှုတို့ ခိုင်မာစေရန်လည်း အရေးကြီးသည်။

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ရုံဖြင့် မလုံလောက်ပါ။ အောင်မြင်သောအတွေ့အကြုံများမှသင်ယူပြီး မိမိလူ့အဖွဲ့အစည်းနှင့်ကိုက်ညီသော ပြောင်းလဲမှုများကို တစိုက်မတ်မတ် အကောင်အထည်ဖော်နိုင်ခြင်း ကသာ အဓိကဖြစ်သည်။

နိုင်ငံသားကောင်းနှင့် ကမ္ဘာ့နိုင်ငံသားကောင်းတို့၏ ကျင့်ဝတ်စံနှုန်းများ

တရားမျှတသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ဥပဒေစနစ်ကောင်းမွန်ခြင်း နှင့်အတူ နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား နှင့် နေ့စဉ်အပြုအမူများလည်း အရေးပါသည်။ နိုင်ငံသားကောင်းတစ်ဦးသည် မိမိ၏အခွင့်အရေး များကိုသာ တောင်းဆိုသူမဟုတ်ဘဲ မိမိ၏တာဝန် ဝတ္တရားများကိုလည်း နားလည်သူဖြစ်သည်။ အများ ပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းခြင်း၊ အခြားသူ၏အခွင့်အရေးကို လေးစားခြင်း၊ အမှားပြု မိပါက ဝန်ခံပြင်ဆင်ခြင်းနှင့် အများအကျိုးကို ထည့်သွင်းစဉ်းစားခြင်းတို့သည် နိုင်ငံသားကောင်း တစ်ဦး၏ လက္ခဏာများဖြစ်ကြသည်။

ဥပမာအားဖြင့် လမ်းပေါ်တွင် အမှိုက်မပစ်ခြင်း၊ အများပြည်သူသုံးယာဉ်များနှင့် နေရာများတွင် စည်းကမ်းလိုက်နာခြင်း၊ တန်းစီစနစ်ကို လေးစားခြင်း၊ အများပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစား မပြုခြင်းတို့သည် သေးငယ်သောလုပ်ရပ်များဟု ထင်ရသော်လည်း စည်းကမ်းရှိသောလူ့အဖွဲ့အစည်း တစ်ရပ်ကို တည်ဆောက်ပေးသည့် အခြေခံအုတ်မြစ် များဖြစ်သည်။ အလားတူ မိမိနှင့်သဘောထားမတူသူ များကိုလည်း လူဂုဏ်သိက္ခာရှိသူများအဖြစ် လေးစား ဆက်ဆံခြင်းသည် လူမှုသဟဇာတဖြစ်မှုကို တိုးမြှင့် ပေးနိုင်သည်။

ကမ္ဘာ့နိုင်ငံသားကောင်းတစ်ဦးဖြစ်ခြင်းဆိုသည်မှာ မိမိနိုင်ငံ၏ယဉ်ကျေးမှုနှင့် အကျိုးစီးပွားကို စွန့်လွှတ်ခြင်းမဟုတ်ဘဲ မိမိနိုင်ငံအပေါ် တာဝန်ယူမှုနှင့်အတူ အခြားလူမျိုးများ၊ ယဉ်ကျေးမှုများနှင့် လူသားအားလုံး၏ ဂုဏ်သိက္ခာကိုလည်း လေးစား ခြင်းဖြစ်သည်။ သတင်းအချက်အလက်များကို မျှဝေရာတွင် အမှန်တရားကိုစစ်ဆေးခြင်း၊ အမုန်း စကားနှင့် ခွဲခြားဆက်ဆံမှုများကို ရှောင်ကြဉ်ခြင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းခြင်းတို့သည် ကမ္ဘာ့နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်ကို ဖော်ပြသည်။

လူငယ်များအတွက်လည်း ပညာရေးသည် စာမေးပွဲအောင်မြင်ရေးနှင့် အလုပ်အကိုင်ရရှိရေး အတွက်သာမဟုတ်ဘဲ အမှား၊ အမှန် ခွဲခြားသိမြင်နိုင်မှု၊ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်မှုနှင့် လူမှုတာဝန် ယူမှုတို့ကို တည်ဆောက်ပေးရမည့် လုပ်ငန်းစဉ် ဖြစ်သည်။ မိဘများ၊ ဆရာ ဆရာမများ၊ အလုပ်ရှင် များနှင့် ရပ်ရွာခေါင်းဆောင်များကလည်း မိမိတို့၏ အပြုအမူဖြင့် စံနမူနာပြသရန်လိုအပ်သည်။ ကလေး များကို ရိုးသားမှုအကြောင်း ပြောကြားရုံသာမက မိမိတို့ကိုယ်တိုင် ရိုးသားစွာကျင့်ကြံပြသမှသာ ကျင့်ဝတ်ဆိုင်ရာပညာပေးမှုသည် အဓိပ္ပာယ်ပြည့်ဝ လာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံသားကောင်းတစ်ဦး ဖြစ်ရေးကို ကြီးမားသော အခမ်းအနားများနှင့် ကြွေးကြော်သံများတွင်သာ ရှာဖွေရန်မလိုပါ။ နေ့စဉ်ဘဝ တွင် မှန်ကန်သောဆုံးဖြတ်ချက်ကို ရွေးချယ် ခြင်း၊ မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်း နှင့် အခြားသူများအပေါ် တရားမျှတစွာဆက်ဆံခြင်း တို့မှ စတင်ရမည်ဖြစ်သည်။ **နိုင်ငံသားကောင်းများ များပြားလာလျှင် လူ့အဖွဲ့အစည်း နိုင်မာလာမည် ဖြစ်ပြီး လူ့အဖွဲ့အစည်း နိုင်မာလာလျှင် နိုင်ငံ၏အနာဂတ်လည်း ပိုမိုတောက်ပလာမည် ဖြစ်သည်။**

တရားမျှတမှုကို စကားလုံးဖြင့်သာမက လက်တွေ့ဘဝဖြင့် တည်ဆောက်ကြပါစို့

တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ တာဝန်ခံမှု နှင့် ကိုယ်ကျင့်တရားတို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလှဆင်ပေးသည့် အဃာအဆာ များသာမဟုတ်ပါ။ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဂို့ကို ကာကွယ်ပေးခြင်း၊ အခွင့်အရေးများကို တန်းတူညီမျှစွာရရှိစေခြင်း၊ အဂတိလိုက်စားမှုကို လျော့ချခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှုကို တည်ဆောက်ပေးခြင်းတို့အတွက် လက်တွေ့လိုအပ်သော အခြေခံစံတန်ဖိုးများဖြစ်ကြ သည်။

တရားမျှတသောနိုင်ငံတစ်နိုင်ငံကိုတည်ဆောက် ရန် ဥပဒေပြဋ္ဌာန်းခြင်းတစ်ခုတည်းနှင့် မလုံလောက် ပါ။ ဥပဒေကို မျှတစွာကျင့်သုံးသည့်အဖွဲ့အစည်းများ၊ တာဝန်ယူမှုရှိသည့်ခေါင်းဆောင်များ၊ ရိုးသားစွာ လုပ်ကိုင်သည့် ဝန်ထမ်းများနှင့် မိမိ၏အခွင့်အရေး နှင့် တာဝန်ကိုနားလည်သောပြည်သူများ အတူတကွ ရှိနေရမည်ဖြစ်သည်။ မတရားမှုကိုတွေ့မြင်သည့် အခါ ဘေးကင်းလုံခြုံပြီး သင့်လျော်သောနည်းလမ်း ဖြင့် တုံ့ပြန်ခြင်း၊ အဂတိလိုက်စားမှုကို ငြင်းပယ် ခြင်းနှင့် အမှန်တရားကို လေးစားခြင်းတို့သည် လူတိုင်း စတင်ကျင့်သုံးနိုင်သော လုပ်ရပ်များ ဖြစ်သည်။

မြန်မာနိုင်ငံ၏အနာဂတ်ကို ပိုမိုတည်ငြိမ်၊ တရားမျှတပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်း အဖြစ် တည်ဆောက်လိုပါက တရားမျှတမှုကို အခြားသူများထံမှသာ မျှော်လင့်နေခြင်းထက် မိမိ ကိုယ်တိုင်၏ အပြုအမူမှ စတင်တည်ဆောက်ကြရ မည်ဖြစ်သည်။ **"မှန်ကန်မှုကို ရွေးချယ်ပါ၊ မတရားမှုကို မျက်ကွယ်မပြုပါနှင့်၊ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါ"** ဟူသော သဘောတရားကို မိသားစု၊ ကျောင်း၊ လုပ်ငန်းခွင်နှင့် ရပ်ရွာအသိုက်အဝန်းတိုင်း တွင် လက်တွေ့ဖော်ဆောင်ကြပါစို့။

တရားဥပဒေကို လေးစားလိုက်နာခြင်း၊ လူဂုဏ်သိက္ခာကို ကာကွယ်ခြင်း၊ အဂတိကင်းစင် စွာ နေထိုင်ခြင်းနှင့် အများအကျိုးအတွက် တာဝန် သိစွာ ပါဝင်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံသားတိုင်း၏ နေ့စဉ်ကျင့်ဝတ်အဖြစ် တည်ဆောက်နိုင်မှသာ တရားမျှတမှုသည် စာရွက်ပေါ်ရှိ စကားလုံးတစ်ခု အဖြစ်မှ လူဘဝအတွင်း လက်တွေ့ခံစားရသော တန်ဖိုးတစ်ခုအဖြစ် ပြောင်းလဲလာမည်ဖြစ်သည်။ ထိုသို့ အတူတကွ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် သာမက ကမ္ဘာ့လူ့အဖွဲ့အစည်း အတွက်ပါ ငြိမ်းချမ်းမှု၊ ယုံကြည်မှုနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်ကြ ပါစေ။

ဥပဒေကို လေးစားခြင်း၊ မတရားမှုကို မျက်ကွယ် မပြုခြင်းနှင့် တာဝန်ယူမှုရှိသော နိုင်ငံသားစိတ်ဓာတ် တို့ဖြင့် တည်ငြိမ်ဖွံ့ဖြိုးသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ကြပါစို့....။ ။

ပဲခူးမြို့၌ ဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြစခန်း(ရွှေတန်) စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ



ပဲခူး နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပဲခူးမြို့၌ ဘက်စုံစိုက်ပျိုးမွေးမြူရေး စံပြစခန်း(ရွှေတန်)စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြစခန်းတွင် ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ နွားမွေးမြူရေး၌၊ ငါးမွေးမြူရေးကန်များနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများ ဆောင်ရွက်နေသည့် အခြေအနေကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းစဉ် တစ်ခုချင်းအလိုက် စနစ်တကျ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ တိရစ္ဆာန်မွေးမြူရေးမှ ထွက်ရှိသည့် ဓွန့်ပစ်ပစ္စည်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကချင်ပြည်နယ်အတွင်းရှိ အသက် (၈၅)နှစ်နှင့်အထက် ဘိုး/ဘွား ၁၈၂၀ တို့အတွက် လူမှုရေးပင်စင်အဖြစ် ငွေကျပ် ၁၀၆ ဒသမ ၈၃ သန်း ထောက်ပံ့ပေးအပ်



မြစ်ကြီးနား နိုဝင်ဘာ ၅

အသက်(၈၅)နှစ်နှင့် အထက် သက်ကြီးဘိုး/ဘွားများအား လိုအပ်သော စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုပေးသည့်အနေဖြင့် လူမှုရေးပင်စင်ကို ဘဏ္ဍာနှစ်အလိုက် ပေးအပ်လျက်ရှိရာ ကချင်ပြည်နယ်အတွင်း ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်အတွင်းရှိဘိုး/ဘွား ၁၈၂၀ တို့အတွက် လူမှုရေးပင်စင် စုစုပေါင်းငွေကျပ် ၁၀၆ ဒသမ ၈၃ သန်း ထောက်ပံ့ပေးအပ်မှုကို ယနေ့ နံနက်က မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် မြို့နယ်များအလိုက် စာရင်းကောက်ခံရရှိထားသည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုး/ဘွားဦးရေ စုစုပေါင်း ၁၈၂၀ အတွက် လူမှုရေးပင်စင်အဖြစ် စုစုပေါင်းငွေကျပ် ၁၀၆ ဒသမ ၈၃ သန်းကို သက်ဆိုင်ရာမြို့နယ်များအလိုက် ဘိုး/ဘွားများနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို ဘက်စုံလက်လှမ်းမီရယူနိုင်စေရန် ရည်ရွယ်ထားသည့် အတွက် သက်ကြီးများ၏ အခွင့်အရေးများ မဆုံးရှုံးစေရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ လူဦးရေစာရင်းများအရ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အသက်(၆၀)နှစ်နှင့် အထက် သက်ကြီးဦးရေ ၈ ဒသမ ၂ သန်းခန့် ရှိလာနိုင်မည်ဟု ခန့်မှန်းထားသည့်အတွက် သက်ကြီးဦးရေအချိုးအစားပြောင်းလဲမှုနှင့်အတူ သက်ကြီးပုဂ္ဂိုလ်များအား ပြီးပြည့်စုံသည့် ပြုစုစောင့်ရှောက်မှုများနှင့် လူမှုရေးဝန်ဆောင်မှုများ ပေးနိုင်ရေး အလေးထားကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က သက်ကြီးဘိုး/ဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးရသည့် ရည်ရွယ်ချက်များနှင့် ကချင်ပြည်နယ်အတွင်း ဘဏ္ဍာနှစ်အလိုက် ထောက်ပံ့ပေးအပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ခန်းမအတွင်း လူမှုဝန်ထမ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်စသည့်ဌာနဆိုင်ရာများ စုပေါင်း၍ ဘိုး/ဘွားများအား လူမှုရေးပင်စင် ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ပြည်နယ်(ပြန်/ဆက်)

လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန် အလှူငွေ လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန်အတွက် ထိုင်းနိုင်ငံမှ Mr. Chiradej Sangthongsuk က ထိုင်းဘတ်ငွေ ၉၀၀၀ ၊ဦးမောင်မောင်နိုင်က အလှူငွေကျပ်လေးသိန်းတို့ကို ယနေ့တွင် အသင်းရန်ကုန်ရုံးခွဲတွင် လာရောက်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရာသက်ပန်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရာသက်ပန်အသင်းဝင် တံဆိပ်များကို ပေးအပ်သည်။

အဆိုပါလှူဒါန်းပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအတွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတကာသတင်း

ရုရှားနိုင်ငံ၌ ကင်ဆာကုသရေး CaTeVac ကာကွယ်ဆေးကို ၂၀၂၇ ခုနှစ်တွင် စတင်အသုံးပြုရန် စီစဉ်

မော်စကို နိုဝင်ဘာ ၅

ရုရှားနိုင်ငံ၌ ပြည်တွင်းတွင် တီထွင်ထုတ်လုပ်ထားသည့် ကိုယ်ခံအားစနစ်ကို လှုံ့ဆော်ပေးသော ကင်ဆာကုသရေးကာကွယ်ဆေး CaTeVac ကို ပျော့ပျောင်းတစ်သျှူးဆာကိုမာ (Soft Tissue Sarcoma) ရောဂါ ဝေဒနာရှင်များအား ကုသရန်အတွက် ၂၀၂၇ ခုနှစ်တွင် စတင်အသုံးပြုရန် စီစဉ်ထားကြောင်း ဒုတိယဝန်ကြီးချုပ် တာတျာနာ ဂိုလီကိုဗာ၏ ရုံးက နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ ကင်ဆာကုသရေးကာကွယ်ဆေးကို အောင်မြင်စွာ အပြီးသတ်စစ်သပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လက်ရှိတွင် ကာကွယ်ဆေးထုတ်လုပ်ခွင့်နှင့် ဆေးကုသမှုအဖြစ် အသုံးပြုခွင့်ရရှိရေးအတွက် လိုအပ်သည့် စာရွက်စာတမ်းများကို ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

CaTeVac ကာကွယ်ဆေးသည် လူနာ၏ကိုယ်ခံအားစနစ်ကို လေ့ကျင့်ပေးသည့် နည်းပညာကိုအခြေခံထားပြီး ကင်ဆာဆဲလ်များကို ကိုယ်ခံအားစနစ်က မှတ်မိသိရှိလာစေရန်နှင့် ယင်းဆဲလ်များကို ပြန်လည်တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ထိုပြင် အနာဂတ်တွင် အဆိုပါကာကွယ်ဆေးကို အရေပြားကင်ဆာတစ်မျိုးဖြစ်သည့် မယ်လနိုးမား၊ ကျောက်ကပ်ကင်ဆာ၊ ဗဟို အာရုံကြောစနစ်အတွင်း ဖြစ်ပွားသော မူလကင်ဆာအကျိတ်များနှင့် စံသတ်မှတ်ထားသည့် ကုသမှုနည်းလမ်းများဖြင့် ကုသရန် ရွေးချယ်စရာ မကျန်ရှိတော့သည့် အခြားသောအစိုင်အခဲ အကျိတ်ကင်ဆာများအတွက်ပါ တိုးမြှင့်အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

ကျူးဘားနိုင်ငံသား ၂ ဒသမ ၆ သန်းကျော်မှာ ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရ

ဟာဗားနား နိုဝင်ဘာ ၅

ပိုက်လိုင်းရေပေးဝေမှုပြတ်တောက်ခြင်းကြောင့် ကျူးဘားနိုင်ငံသား ၂ ဒသမ ၆ သန်းကျော် ရေအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း အမျိုးသား ရေအရင်းအမြစ်ဌာနတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၃ရက်အထိ ကျူးဘားနိုင်ငံသား ၂၆၈၁၇၀ မှာ ပိုက်လိုင်းရေပေးဝေရေး ကွန်ရက် ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း အမျိုးသားရေအရင်းအမြစ်ဌာနဥက္ကဋ္ဌ အနဲတိုနီယို ရိုးရီဂွက်ဇ်က ပြောကြားသည်။

ဟာဗားနားမြို့တစ်မြို့တည်းတွင် လူပေါင်း ၅၃၆၀၀၀ မှာ ရေပေးဝေမှု ပြတ်တောက်ခြင်း ဒဏ်ကို ခံစားခဲ့ရပြီး ယင်းပမာဏမှာ နိုင်ငံအတွင်းရှိ ပြည်နယ်များအနက် အများဆုံးဖြစ်ကြောင်း ထင်ရှားသည်။

ရေပေးဝေမှု ပြတ်တောက်ရခြင်း၏ ၆၆ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ဆက်စပ်နေပြီး ၂၅ ရာခိုင်နှုန်းမှာ ရေစုပ်စက်များ ချွတ်ယွင်းမှု ကြောင့်ဖြစ်ကြောင်း သိရသည်။

ဟာဗားနားမြို့၏ ရေပေးဝေမှု အခက်အခဲကို ဖြေရှင်းရန်အတွက် မြို့တော်၏ ရေအရင်းအမြစ် သုံးခုကို အထောက်အပံ့ပေးနိုင်ရန် စွမ်းအင်သိုလှောင်ရေးစနစ်များ ပါဝင်သည့် စုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်း ၂၀၀ မဂ္ဂါဝပ်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစက်ရုံ ၁၀ ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

ကျောင်းသားများ အေအိုင်အသုံးပြုမှုအတွက် ထိန်းချုပ်နိုင်မည့်စနစ်သစ်ကို ဂူဂဲလ်မိတ်ဆက်

နယူးယောက် နိုဝင်ဘာ ၅

ကျောင်းသားများ၏ အေအိုင်အသုံးပြုမှုနှင့် အွန်လိုင်းရှာဖွေရေးလုပ်ငန်းစဉ်များကို စာသင်ကျောင်းများက ထိန်းချုပ်နိုင်မည့် စနစ်သစ်များကို ဂူဂဲလ်က စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပြောင်းလဲမှုသည် ကမ္ဘာ့တစ်ဝန်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် သက်ရောက်မှုရှိမည်ဟု အမေရိကန်နည်းပညာကုမ္ပဏီ ဂူဂဲလ်က ပြောကြားသည်။

ကျောင်းသားအကောင့်များမှ Gemini၊ Gemini Notebook၊ Gemini in Classroom နှင့် Google Search ဝန်ဆောင်မှုများကို မူလသတ်မှတ်ချက်အနေဖြင့် အသုံးပြုခွင့်ပိတ်ထားမည်ဖြစ်ပြီး ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ခွင့်ပြုမှသာ အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ကျောင်းသားများ၏ သင်ခန်းစာလေ့လာမှုကို အထောက်အကူပြုရန် Guided Learning လုပ်ဆောင်ချက်ကိုလည်း မိတ်ဆက်ထားသည်။ ယင်းစနစ်သည် ကျောင်းသားများအား မေးခွန်းများ၏ အဖြေကို တိုက်ရိုက်ပေးခြင်းထက် သင်ခန်းစာသဘောတရားများကို နားလည်စေရန်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်း တိုးတက်စေရန် အဆင့်ဆင့် လမ်းညွှန်ပေးမည်ဟု ဆိုသည်။

ကျောင်းသားများက အေအိုင်အပေါ် အလွန်အကျွံမှီခိုလာနိုင်သည့် အပြင် သင်ခန်းစာများကို ကိုယ်တိုင်စဉ်းစားလေ့လာမှု လျော့နည်းလာမည်ကို စိုးရိမ်မှုများ မြင့်တက်လာသည့်အချိန်တွင် ယခုကဲ့သို့ ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ဂူဂဲလ်၏ ပညာရေးဝန်ဆောင်မှုဖြစ်သည့် Google Classroom ကို ကမ္ဘာ့တစ်ဝန်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားပေါင်း သန်း ၁၅၀ ကျော် အသုံးပြုလျက်ရှိကြောင်း သိရသည်။

အင်နီအိတ်ချ်ကေ

၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာ ထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေး အပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေးလုပ်ငန်း တာဝန်များအား အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပြီး အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်း အားကစားလှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပ လျက်ရှိပါသည်။ အားကစားရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲအား ကျင်းပသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားရေးရာဝန်ကြီးဌာနမှ ဆောင်ရွက် လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များ

(ခ) လူထုအားကစားလှုပ်ရှားမှု၏ အရေးပါမှု၊ အားကစားနှင့်ကျန်းမာရေး၊ အားကစားနှင့် လူငယ် ဖွံ့ဖြိုးရေး၊ လူထုအားကစားလှုပ်ရှားမှုများ ပိုမိုတိုးတက်လာစေရေး၊ ရပ်ရွာအခြေပြုအားကစား ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြှင့်တင်ရေးတို့အတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၉) မျက်နှာထက်မနည်း၊ (၁၀)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၁) မျက်နှာထက်မနည်း၊ (၁၂)မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၅) မျက်နှာထက်မနည်း၊ (၆) မျက်နှာထက်မများ အထက်အုပ်ခဲနွဲ့(က၊ ခ၊ ဂ)ပါ အကြောင်းအရာများအပေါ် အခြေခံ၍ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စီစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၇ ခုနှစ်၊ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက်အကန့်အသတ်မရှိ ပေးပို့ ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1) သို့ လိပ်မူ၍ Soft Copy (၁)ချပ်၊ Hard Copy (၁)စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသား/ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန် ဖြစ်ပါသည်။


ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ငါးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ် သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည် ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ် ထားသည့် စာရွက်စာတမ်း၊ အထောက်အထား မပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစား မည် မဟုတ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉ ၂၅၅၈၃၂၄၉၉၉၊ ၀၉၄၂၀၁၀၇၀၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအချင်းချင်း အချိတ်အဆက်မိမိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်

ဖလမ်း နိုဝင်ဘာ ၅

ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလုံးစုံပြီးစီးမှု မရှိသေးသော်လည်း ကျန်ရှိသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရန်၊ ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအချင်းချင်း အချိတ်အဆက်မိမိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ဖလမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။



ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖလမ်းမြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ပြီးသည့် ဌာနဆိုင်ရာ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်လိုကြောင်း၊ နယ်မြေဒေသတည်ငြိမ် အေးချမ်းနေထိုင်ဖြစ်သဖြင့် ဒေသခံပြည်သူများ အနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေး စည်းရုံးဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက် များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဌာန ဆိုင်ရာဝန်ထမ်းများကို ဆန်နှင့်ဆီများ ထောက်ပံ့ ပေးအပ်သည်။

ယင်းနောက် ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့်အစားအစာများ(**အပေါ်ပုံ**) ထောက်ပံ့ ပေးအပ်ပြီး ဆေးရုံအုပ်နှင့်သူနာပြု ဆရာ ဆရာမများ ကို အားပေးစကားပြောကြား၍ ဆေးရုံအတွက်တင်ပြ ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်း တွင် ဖလမ်းခရိုင် လမ်းဦးစီးဌာနမှ စက်ယန္တရားကြီး ဖြင့် လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းနေမှုနှင့် အလင်းဖွင့်ရှင်းလင်း ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးပြီး ကလေး- ဖလမ်း- ဟားခါး လမ်းသည် ပြည်ထောင်စု လမ်းမကြီးဖြစ်သဖြင့် လမ်းမကြီး ကောင်းမွန်ရေး၊ ပြည်သူများ လုံခြုံအေးချမ်းစွာသွား လာနိုင်ရေး အလွန်အရေးကြီးကြောင်း၊ လမ်းဘေး ဝဲယာ ချုံနွယ်များ ရှင်းလင်းရာတွင် လမ်းဘေးရေနုတ် မြောင်းများပိတ်ဆို့မှုမဖြစ်စေရေး၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ လမ်းသွားလမ်းလာများ အဆင်ပြေ ချောမွေ့စေရေး ဆောင်ရွက်ပေးကြရန်မှာကြားခဲ့ရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တာဝန်ရှိ သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဖလမ်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေး မှူးရုံးသို့ရောက်ရှိပြီး ရုံးအဆောက်အအုံ၊ ဝန်ထမ်း အိမ်ရာများပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများ ကိုလည်းကောင်း၊ ဖလမ်း ခရိုင်/မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အာရံဇီနှစ်ထပ် ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖလမ်းခရိုင် မီးသတ်ဦးစီးဌာနရုံးသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေစဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက် ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ-ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရည်များကို အပင် ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြော်နိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြော်ပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ။ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန် ပြုပြင်ပါ။



လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၌ မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်းနှင့် ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

လွိုင်ကော် နိုဝင်ဘာ ၅

ကယားပြည်နယ် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် မိုးလုံလေလုံ အားကစားရုံတည်ဆောက်ခြင်းနှင့် ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အားကစားရုံနှင့် အားကစားကွင်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်ဆောင်ရွက်ရန်၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် ဘဏ္ဍာငွေ ထုတ်ယူမှုများကို စနစ်တကျထုတ်ယူနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လူငယ်စင်တာ RC သုံးထပ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ကျက်သရေဆောင်သမိုင်းဝင် မြို့နာမ်ရွှေစေတီတော်၌ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စေတီတော်ရင်ပြင်နှင့်ပရိဝုဏ်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်နယ်သာသနာရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ဗုဒ္ဓဓမ္မတိုစွယ်တော်တိုက်အတွင်း ဝေယျာဝစ္စ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကော့သောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၃ မိုင် ကျောင်းဆောင်သစ်ဖွင့်လှစ်

ကော့သောင်း နိုဝင်ဘာ ၅

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ၃ မိုင် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းဆောင်သစ်ရှေ့ မျက်နှာစာ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ၃ မိုင်မှ ကျောင်းသူလေးများက "ထာဝရသစ္စာသီချင်း"ဖြင့် ဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် (ရွှေမွန်မုန့်တိုက်) မိသားစုက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် အချက်အလက်များကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် အကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား သွားရောက်ဂါရဝပြုပြီး အလှူငွေနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်ပြီး တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)



ရွှေကုန်ကြိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ကိုးလုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်ခဲ့သည့် ရွှေကုန်ကြိုလ်နယ်မြေအတွင်း ရှိအဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုန်ကြိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင် အဆောက်အအုံ ကိုးလုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။



ရွှေကုန်ကြိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့် အတွက် ယနေ့အထိ တရားမဝင် အဆောက်အအုံ ကိုးလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုန်ကြိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ် ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ငါးလုံး စုစုပေါင်း အဆောက်အအုံ ကိုးလုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၄ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသား ရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





လပွတ္တာမြို့နယ်၌ ရေရှားပါးပြတ်လပ်မှုမရှိစေရေး ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

လပွတ္တာ နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကညင်ကိုင်းကျေးရွာ၌ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုမပေါ်စေရေး နိုဝင်ဘာ ၃ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ရှိသူများက ကညင်ကိုင်းကျေးရွာရှိ မြေသားမိုးရေလှောင်ကန်များမှ သောက်သုံးရေသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေကိုစနစ်တကျဖြန့်ဝေ ချွေတာသုံးစွဲရန်နှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ဌာနသို့ဆက်သွယ်၍ အကူအညီရယူနိုင်ကြောင်း ကျေးရွာတာဝန်ရှိသူများအား မှာကြားသည်။



လပွတ္တာမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများ၌ အယ်လ်နီညိုကြောင့် ရေပြတ်လပ်မှုဖြစ်ပေါ်စေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ရှိအသုံးပြုနေသည့် ရေအရင်းအမြစ်များမှ ရေကို စနစ်တကျဖြန့်ဝေသုံးစွဲနေမှုနှင့် တခြားသောရေအရင်းအမြစ်များမှ ရေဂါလန် ၂၀၀၀ ဆုံစက်လေ့များဖြင့် နေ့စဉ်ရေဂါလန် ၄၀၀၀ ကျော် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ တောဇာလင်း

သန်လျင်မြို့နယ်၌ တည်ဆဲအခွန်ဥပဒေများ လိုက်နာဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေး

သန်လျင် နိုဝင်ဘာ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန သန်လျင်မြို့နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက သန်လျင်မြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အခွန်ဆိုင်ရာအထောက်အကူပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာထွန်းနှင့် မြို့နယ်အခွန်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်မိုးတို့က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။ သန်းဝင်း(သန်လျင်)

ကလေးဝမြို့၌ မျိုးကွဲနုတ်ပယ်ခြင်း နည်းပညာပေး ကွင်းသရုပ်ပြ



ကလေးဝ နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်းနည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ကလေးဝမြို့ ကိုင်းကျေးရွာ တောင်သူဦးမောင်ချစ်၏ ကွင်း(၃၈) ကိုင်းကွင်း၊ ဦးပိုင်အမှတ်(၁၅) ဆင်းသုခစပါးမျိုးစိုက်ကွင်း၌ ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က မျိုးကွဲနုတ်ပယ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကွဲများနုတ်ပယ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

အဆိုပါ နည်းပညာပေးသရုပ်ပြပွဲသို့ ဒေသခံတောင်သူ ၂၅ ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ၁၅ ဦးတို့ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ကံမမြို့၌ ရေစီးရေလာကောင်းမွန်ရေး ကျောက်စီရေမြောင်း ပြုလုပ်

ကံမ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး ကံမမြို့၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေကြီးရေလျှံခြင်းများ မဖြစ်ပွားစေရန် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ယခုနေ့က အမှတ်(၄)ရပ်ကွက် ကွမ်းခြံလမ်းသွယ်(၁)တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၎င်းလုံးဌေးရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၃ သန်းဖြင့် အရှည်ပေ ၂၀၀၊ အကျယ် သုံးပေနှင့် အနက် လေးပေရှိ ကျောက်စီရေမြောင်းပြုလုပ်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူးဆောင်အရာရှိ ဦးမြင့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)





မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၄ ရက်က ရေနံချောင်းမြို့မဂ္ဂေးကြီး၌ ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ မြို့မဂ္ဂေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများကို မီးဘေးလုံခြုံရေး မီးသုံးစွဲမှုအခြေအနေများ လိုက်လံစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဈေးသူဈေးသားများနှင့်အတူ မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ လေ့ကျင့်စဉ်။ စိုးကြီး(ပြန်/ဆက်)

ဘီးလင်းမြို့နယ်၌ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး အသိပညာပေး

ဘီးလင်း နိုဝင်ဘာ ၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ တောင်ကြီးကျေးရွာ၊ ကံကြီးပိုင်ကျေးရွာနှင့် ပိုင်ဒံလေးကျေးရွာတို့တွင် နွေရာသီအတွင်း အယ်လ်နီညိုအပူဒဏ်ကြောင့် ပူပြင်းခြောက်သွေ့မှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်ရေသုံးရေ ပြတ်လပ်မှုမရှိစေရေး ကြိုတင်စုဆောင်းရန်၊ ရေကိုချွေတာသုံးစွဲရန်၊ စိုက်ပျိုးရေးပြတ်လပ်မှုမဖြစ်ပေါ်စေရန်နှင့် ကျန်းမာရေးနှင့် ပတ်သက်၍ အပူလှျပ်ခြင်းများမဖြစ်ပေါ်စေရန် အယ်လ်နီညိုဒဏ်ကာကွယ်ရေးကြိုတင်စီမံဆောင်ရွက်ရမည့် အချက်များ၊ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၃ ရက်တွင် ကွင်းဆင်းအသိပညာပေးဆွေးနွေးကြောင်း သိရသည်။ ဘုန်းမြတ်

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိသာ ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၅

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သုံလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသုံလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ သတင်းစဉ်



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကုန်အကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။

ငပုတောမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေး

ငပုတော နိုဝင်ဘာ ၅

ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုးနှင့် တာဝန်ရှိသူများသည် ငပုတောမြို့နယ်ထန်းသုံးပင် ကွက်သစ်ကျေးရွာအတွင်းရှိ ရေလှောင်ကန်များအတွင်း သောက်သုံးရေစုဆောင်းထားရှိမှု၊ ဌာနမှ တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် ရေအရင်းအမြစ်များ၏ မူလအတိုင်း လည်ပတ်သုံးစွဲနိုင်မှု ရှိ မရှိကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ နွေရာသီအယ်လ်နီညို ဖြစ်စဉ်ကြောင့် ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျေးရွာရှိ ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ရေရှည်ထိန်းသိမ်း သုံးစွဲကြရန် ဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အောင်သူ(ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်၌ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေး စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၅

ဝမ်းတွင်းမြို့နယ်၌ တပ်ဆင်အသုံးပြုနေသော စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေး ယမန်နေ့က မိတ္ထီလာခရိုင်လျှပ်စစ်မန်နေဂျာနှင့် ဒုတိယခရိုင်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများအား လျှပ်စစ်ဓာတ်အားသုံးစွဲသူများက မသမာသော နည်းလမ်းအသုံးပြု၍ တရားမဝင်သုံးစွဲမှု ရှိ မရှိ စစ်ဆေးခြင်း၊ မီတာဆီးလ်များ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ဓာတ်အားခပေးဆောင်ခြင်း ရှိ မရှိ တို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



သိန်းမြင့်ကျော်(မိတ္ထီလာ)

ကြိုပင်ကွေ့-ဝမ်းသာ-ဟံဇားလမ်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သာစည် နိုဝင်ဘာ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၄၉ ဒသမ ၆၃၃ သန်းဖြင့် သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကြိုပင်-ကွေ့-ဝမ်းသာ-ဟံဇားလမ်း လမ်းအရှည် (၀/၄)မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က ကွင်းဆင်းစစ်ဆေးရာ သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)က လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြခဲ့ပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က လမ်းအရည်အသွေး ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။



မြို့နယ်(ပြန်/ဆက်)

ကျောက်တံခါးမြို့နယ်၌ သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ကျောက်တံခါး နိုဝင်ဘာ ၅

ကျောက်တံခါးမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယဦးစီးဌာနမှူး ဦးတင်လတ်က သမဝါယမအသင်းစည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဇင်မောင်က ရှေ့လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ရမည့် အစီအစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်သမဝါယမအသင်း၏ အမှုဆောင်ဒါရိုက်တာ ခုနစ်ဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့အား ရွေးချယ်အဆိုပြုခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်သည်။

မျိုးမင်း(ပြန်/ဆက်)

ပုဇွန်တောင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်း

ပုဇွန်တောင် နိုဝင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အခွန်ဦးစီးမှူးရုံး၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က ပုဇွန်တောင်မြို့နယ် အခွန်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးချစ်ဆွေနှင့် မြို့နယ်အခွန်ဦးစီးမှူးက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များနှင့် အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့် စပ်လျဉ်း၍ သိလိုသည်များ မေးမြန်း ဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၅

မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်နှင့် ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဇရာခန်းမရှေ့၌ ဆောင်ရွက်ပေးရာ ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးလျှင် ဆန်နှစ်ပြည်နှင့် ကြက်ဥ ၁၁ လုံးကို ရောင်းချပေးခဲ့သည်။

အဆိုပါ အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။



ရဲကိုမောင်(ပြန်/ဆက်)

ချောက်မြို့နယ် ရေတွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ရာနှုန်းပြည့်ပြီးစီး

ချောက် နိုဝင်ဘာ ၅

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေါ်မေသက်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ရေတွင်းကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၃ သန်းဖြင့် အောက်တိုဘာ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



နေဝဲလူး

ဝါးခယ်မမြို့နယ်၌ ဆင်းသုခစပါးမျိုးများ ရိတ်သိမ်း

ဝါးခယ်မ နိုဝင်ဘာ ၅

ဝါးခယ်မမြို့နယ်၌ နိုဝင်ဘာ ၄ ရက်က ဆင်းသုခစပါးမျိုးများကို ခြွေလှေစက်ဖြင့် ရိတ်သိမ်းခြင်းဆောင်ရွက်ရာ ဝါးခယ်မမြို့နယ် စိုက်တိုးမြှင့် ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များသည် သဲကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၀၀၄ တောင်သူ ဒေါ်ငြိမ်းဌေး၏ လယ်မြေ ၅ ဒသမ ၇၇ ဧကတွင် ဆင်းသုခစပါးမျိုးများကို ခြွေလှေစက်ဖြင့် တောင်သူများက ရိတ်သိမ်းခြွေလှေနေမှုကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။



ရီရီလွင်(ပြန်/ဆက်)

“ချစ်သူတို့ လျှောက်သောလမ်း” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းဖြေစရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ နိုဝင်ဘာ ၆ ရက် (သောကြာနေ့) ညပိုင်းတွင် “ချစ်သူတို့ လျှောက်သောလမ်း” တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင် ရန်အောင်နှင့် နာမည်ကျော်တေးသံရှင် ရဲထိုက်၊ ဧရာဝတီအောင်စိုးမိုး၊ တက္ကသိုလ်ရဲတင့်လှိုင်၊ စိမ့်နေခြည်၊ မွေချစ်သက်နှင့် ထက်ထက်စိုးစံတို့က သီတင်းကျွတ်အခါသမယ၏ သဘာဝအလှအပ၊ ရောင်စုံမီးအလင်းရောင်များနှင့်အတူ အချိန်အခါကောင်းကို ရွေးချယ်ပြီး ချစ်ခင်ရသူများ၏ ပျော်ရွှင်ကြည်နူးဖွယ် ချစ်ခရီးလမ်းကို ဖန်တီးလျှောက်လှမ်းကြမည့် ရင်ခုန်သံစဉ်သားများနှင့် စီခြယ်ထားသည့် တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

“ချစ်သူတို့ လျှောက်သောလမ်း” တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၆ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန

ရေချွေတာရေး နည်းလမ်းများ

- အဝတ် အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ် လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ကန့်ကွက်နိုင်ပါကြောင်း

ညောင်တုန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ အကွက်အမည်- ညောင်ပိုင်းပိုင်း၊ ဦးပိုင်အမှတ် (၈)၊ ဧရိယာ (၀.၀၂၅) ကေရှိ ဘိုးဘပိုင် မြေအား ဦးရဲထက်ဖြိုး+ခေါ်မြဖြိုး အပေါ်ဖြင့် အပေါ်ပြောင်း လျှောက်ထားပြုခဲ့ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဦးရဲထက်ဖြိုး
၇/လပတ(နိုင်ဝ)၂၂၈၄၄
ခေါ်မြဖြိုး
၁၂/ကမရ(နိုင်ဝ)၀၅၈၀၀၄
ဖုန်း-၀၉၃၀၉၇၉၁၂

ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အပေါ်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

သနပ်ပင်မြို့၊ စက်ကုန်းပိုင်းရပ်ကွက်၊ အကွက်အမှတ်(ရပ်-၄)၊ အကွက်အမည်- စက်ကုန်းကွင်း၊ ဦးပိုင်အမှတ်(စစခ) မြေဧရိယာ(၀.၀၉၂၀) ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်းမတော်
(ခ) အနောက်လားသော် - (၈၇′′)
(ဂ) တောင်လားသော် - (၈၉′′)
(ဃ) မြောက်လားသော် - (၈၈′′)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အပေါ်ပြောင်းပေးရန် ဦးအောင်ရွှေမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အပေါ်ကိုပြောင်းလဲပေးရမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ် နိုဝင်ဘာလ (၁၅)ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ သနပ်ပင်မြို့နယ်မြေစာရင်းဦးစီးဌာနမှစုဆုံးသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက်တင်ပြခြင်းမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ သနပ်ပင်မြို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညဉ်း၊ ပုတာအို၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါ၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္ဓီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မင်းကွး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ကျပန်း-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute)) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သန်း၅၊ ရူပဗေဒ၊ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်ပါမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သန်း၅ စုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရ စက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ (အပိုဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ကျပန်-မြန်မာအောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ် (၁)ပါ ကျောင်းပေါင်း(၂၂)၊ ပုတာအို၊ ဘားအံ၊တီးတိန်၊ တောင်ကြီး၊ သန်လျင်၊မိတ္ထီလာ၊ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ကျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
(ဂ) လျှပ်စစ်မှုမီးအားအင်ဂျင်နီယာ (အပိုဒ် (၁)ပါကျောင်းပေါင်း(၃၁)၊ ကျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)
(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ကျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)
(င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညဉ်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်၊ တောင်ကြီး))
(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))
(ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))
(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်၊ ကျပန် - မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း))
(ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ကျပန် - မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ် ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် B.E သင်တန်းများ သို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂-၁၁-၂၀၂၆ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၃-၁၁-၂၀၂၆ ရက် နောက်ဆုံးထားရှိ မိမိတို့ တက်ရောက်လိုသည့် သိပ္ပံသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း (မူရင်း)။
(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းစာမ်း (မိတ္တူ)။
(င) ကျောင်းသား။ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာနယ်မြေ ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။
(စ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

အကျိုးတူလုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ် (၃၃) မြို့နယ်မှ အမှိုက်တန်ချိန် (၂၅၀၀) ကျော်အား နေ့စဉ်သိမ်းဆည်း သယ်ယူစွန့်ပစ်လျက်ရှိပါသည်-

(က) လှိုင်သာယာမြို့နယ် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ တန်ချိန် (၁၅၀၀)ခန့်၊
(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ထားဝယ်ချောင်း နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ တန်ချိန် (၁၀၀၀) ခန့်

၂။ ယခုအခါ ပြန်လည်ပြည့်ဖြိုးမြစွမ်းအင်လုပ်ငန်းစဉ်အရ စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်မှု (Waste to Energy) နည်းစဉ်ဖြင့် အဆိုပါ အမှိုက်ပုံနေရာ (၂) ခုတွင် အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်-

(က) စွန့်ပစ်အမှိုက်မှ (Methane) ဓာတ်ငွေ့ထုတ်ယူပြီး (Generator) ဖြင့် မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းလုပ်ငန်း၊
(ခ) စွန့်ပစ်အမှိုက်မှ (Methane) ဓာတ်ငွေ့ထုတ်ယူပြီး (Compressed Bio Methane) ပြုလုပ်၍ (၉၀ %) သန့်စင်သောစွမ်းအင် (CNG) အစားထိုး ဓာတ်ငွေ့ထုတ်ယူခြင်းလုပ်ငန်း၊
(ဂ) စွန့်ပစ်အမှိုက် မီးရှို့စက်ရုံတည်ဆောက်ပြီး (Incinerated Process) ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းလုပ်ငန်း၊

